မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၁၇)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

၂၀၁၃ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ တနင်္ဂနွေနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

စစ်ဘက်ဆိုင်ရာခေါင်းဆောင်များအနေဖြင့် ရောင့်ရဲတင်းတိမ်စိတ် အမြဲမွေးမြူထားကြစေလို

နေပြည်တော် ဩဂုတ် ၁၇

တပ်မတော်သားများသည် မိမိတို့၏ သဘောဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်တာဝန်ထမ်းဆောင်ကြသူများဖြစ်ပြီး ပင်ကိုစိတ်ဓာတ်ကောင်းမွန်မှုကြောင့် ပေးအပ်လာသောတာဝန်ကို မည်သည့်နေရာဒေသတွင်မဆို အချိန်မရွေး ကျေပွန်စွာထမ်းဆောင်နိုင်ကြသူများဖြစ်ကြောင်း၊ စစ်ဘက်ဆိုင်ရာခေါင်းဆောင်များအနေဖြင့် ရောင့်ရဲတင်းတိမ်စိတ် အမြဲမွေးမြူထားကြစေလိုကြောင်း၊ ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် မိမိ၏လုပ်ငန်းတာဝန်အပေါ် စေတနာထား လုပ်ကိုင်သွားကြစေလိုကြောင်း၊ အလုပ်လုပ်ရာတွင် မြင်နိုင်သော၊ လက်လှမ်းမီနိုင်သော ရည်မှန်းချက်ပန်းတိုင်ထားရှိပြီး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်စေရေးအစီအမံပြုလုပ်ကာ လက်တွေ့အကောင်အထည်ဖော် ကြိုးစားအားထုတ်၍ အောင်မြင်အောင် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ လက်အောက်ကို အလိုလိုက်ခြင်းဖြင့် အုပ်ချုပ်မှုပြဿနာများ ဖြစ်ပွားလာနိုင်၍ လက်အောက်ကို အလိုမလိုက်ဘဲ သတ်မှတ်စည်းကမ်းနှင့်အညီ ထိန်းသိမ်းသွားကြစေလိုကြောင်း၊ သို့မှသာ အုပ်ချုပ်မှုပြဿနာများ လျော့နည်းလာနိုင်မည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုကိစ္စနှင့်ပတ်သက်၍ မှန်မှန်ကန်ကန်နှင့် နည်းလမ်းတကျဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိကွပ်ကဲအုပ်ချုပ်ရသူများအပေါ် မျှတသောစိတ်ဖြင့် အမြဲတွေးခေါ်၍ ကိုယ်ချင်းစာတရားဖြင့် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ပေးသွားကြရန် လိုသည့်အပြင် ဥပဒေကို သိရှိနားလည်လိုက်နာပြီး စည်းကမ်းရှိကြရန် လိုကြောင်းဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ ▲

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ တပ်နယ်မှ အရာရှိများနှင့် သင်တန်းသား အရာရှိများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး အိုင်အင်န်ဂျီအိုများနှင့် လက်တွဲလုပ်ဆောင်မည်

ရန်ကုန် ဩဂုတ် ၁၇

နိုင်ငံတော်သမ္မတ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအတွက် လူမှုရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၁၀) ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးဗဟိုဌာန (Myanmar Peace Center) ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးအောင်မင်းတို့က နိုင်ငံတော်သမ္မတ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းရေးကို အဓိကထားဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က

စာမျက်နှာ ၉ ကော်လံ ၁ ◆

ပုသိမ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရန် ဖြစ်နိုင်ခြေလေ့လာမှု ပြုလုပ်မည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၁၇

ကုန်သွယ်ရေကြောင်းဖွံ့ဖြိုးရန်အတွက် ရေနက်ဆိပ်ကမ်းများတည်ရှိရန် လိုအပ်သည်။ ရေကြောင်းကုန်သွယ်မှုဖွံ့ဖြိုးမှ နိုင်ငံတကာနှင့် ကုန်သွယ်တင်ပို့မှုများပြားလာမည်ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်မှုတွင် ရေကြောင်းကိုသာ အားထားနေဆဲဖြစ်ရာ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးစားနေသော မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာသို့ ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်ပစ္စည်းများတင်သွင်းရေးအတွက် ရေနက်ဆိပ်ကမ်းသစ်များ တည်ဆောက်ရန် စီစဉ်နေပြီဖြစ်သည်။ ယခုအခါ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်ရေနက်ဆိပ်ကမ်းတည်ဆောက်ရေးအတွက် ဖြစ်နိုင်ခြေလေ့လာမှုများ စတင်တော့မည်ဖြစ်သည်။

"ပုသိမ်ရေနက်ဆိပ်ကမ်း တည်ဆောက်ဖို့အတွက် စင်ကာပူနိုင်ငံက ကုမ္ပဏီတစ်ခုနဲ့ ကျွန်တော်တို့နားလည်မှုစာချွန်လွှာကို မကြာမီက လက်မှတ်ရေးထိုးခဲ့ပြီးပါပြီ။ ကျွန်တော်တို့

စာမျက်နှာ ၈ ကော်လံ ၅ ❐

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအတွက် လူမှုရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကောက်စိုက်ချိန်

ယခုအချိန်သည် မြန်မာနိုင်ငံအဝန်း မိုးလုံးပုလဲပန်းများ ရွာသွန်းဖြိုးခဲ့ပြီဖြစ်၍ ကောက်စိုက်လုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်နေကြပြီ ဖြစ်သည်။ ကောက်စိုက်ခြင်းအလုပ်တွင် ပျိုးနုတ်ခြင်း၊ ထွန်ယက်ခြင်းနှင့် စိုက်ပျိုးခြင်းတို့ အဓိကပါဝင်လျက်ရှိသည်။

တောင်သူဦးကြီးတို့၏အဆိုအရ ထယ်ရေးကောင်းမှ သမန်းကောင်းမည်ဟု ဆိုထားသည့်အတိုင်း မစိုက်ပျိုးမီ ထယ်ရေးကောင်းအောင် ထွန်ယက်ခြင်းအလုပ်သည် အဓိကအရေးအကြီးဆုံး ဖြစ်ပေလိမ့်မည်။ သမန်းကောင်းမှသာလျှင် စိုက်ပျိုးထားသော ကောက်ပင်များ ရှင်သန်ကြီးထွားနိုင်၊ ကောက်ပင်ပွားနိုင်း ကောင်းနိုင်ပါသည်။ ကောက်ပင်များ ရှင်သန်ကြီးထွားနိုင်းကောင်းပြီး ကောက်ပင်ပွားနိုင်း ကောင်းပါမှ စပါးအနှံထွက်နှုန်းကောင်းပြီး တစ်ဧက စပါးအထွက်နှုန်းလည်း ကောင်းနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မစိုက်ပျိုးမီ ထယ်ရေးညက်ပြီး သမန်းကောင်းအောင် ဆောင်ရွက်ခြင်း အလုပ်သည် ကောက်စိုက်ခြင်းလုပ်ငန်းတွင် အရေးအကြီးဆုံးအလုပ် ဖြစ်သည်။

တစ်ဖန် ပညာရှင်တို့အဆိုအရ တစ်ဧက ကောက်ကွက်ပြည့်မီအောင် စိုက်ပျိုးခြင်းအလုပ်သည်လည်း ဒုတိယ အရေးကြီးသော အချက်ဖြစ်ပါသည်။ တစ်ဧကကောက်ကွက်ပြည့်မီအောင် စိုက်ပျိုးပါမှ စပါးအထွက်နှုန်းကောင်းနိုင်ပါသည်။ သို့သော်လည်း အချို့သော လယ်ကွက်များမှာ ဧကကွက်များ မဟုတ်ကြပါ။ တချို့က တစ်ဧကကျော်သည်၊ တချို့က ဧကဝက်၊ တချို့က ဧကမပြည့်တပြည့်စသည်ဖြင့် ရှိကြပါသည်။ မည်သည့်အနေအထားဖြစ်စေ ကောက်ကွက်များ မစိပ်လွန်း မကျဲလွန်းစိုက်ပျိုးခြင်းဖြင့် အကောင်းဆုံးစိုက်ပျိုးနိုင်ပါသည်။

ကောက်စိုက်ရာတွင် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများ၌ မိုးဖြိုင်ဖြိုင်ရွာသွန်းသော ယခုကဲ့သို့ လများမှစပြီး ကောက်စိုက်ပျိုးလေ့ရှိကြသော်လည်း အောက်ပိုင်းဒေသများတွင်မူ ရေတော်မိုးတော်အနေအထားလိုက် စိုက်ပျိုးကြလေ့ရှိကြသည်။ လယ်မြေများ ရေကြီးရေနစ်မြုပ်လေ့ရှိသဖြင့် ရေတော်မိုးတော်အနေအထားတွင် ဂရုပြု၍ စိုက်ပျိုးကြလေ့ရှိပါသည်။ အချို့ဒေသများတွင် လယ်မြေများ ရေကြီးနစ်မြုပ်ပြီး ရေပြန်ကျချိန် အချိန်မီစိုက်ပျိုးနိုင်ရန်၊ ရေတော်မိုးတော်အနေအထားတွင် စိုက်ပျိုးနိုင်ရန် အသိပေးထားခြင်း ဖြစ်ပါသည်။

သို့ပါ၍ ကျွန်ုပ်တို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် စပါးတစ်နှစ်ထက်တစ်နှစ် အထွက်နှုန်း ကောင်းလာရမည်ဖြစ်ပါသည်။ စပါးအထွက်နှုန်းကောင်းပါမှ တောင်သူလယ်သမားတို့၏ လူမှုစီးပွားတိုးတက်လာမည်ဖြစ်ကဲ့သို့ နိုင်ငံ့စီးပွားလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနိယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၁၇

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတောစသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနိယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ပဲခူးတက္ကသိုလ် သုံးထပ်စာသင်ဆောင်သစ်များ ပန္နက်တင်

နေပြည်တော် ဩဂုတ် ၁၇

ပဲခူးတက္ကသိုလ် သုံးထပ်စာသင်ဆောင်သစ်များ ပန္နက်တင် အခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ပန္နက်တင်ပေးခဲ့ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ကိုရီးယားသမ္မတနိုင်ငံ LH(Korea Land & Housing Corporation) မှ Senior Manager Mr. Ju, Min-Gon ဦးဆောင်သောအဖွဲ့သည် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး တိုင်းဒေသကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြသည်။

တက်ရောက်

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ရှင်စောပုရပ်ကွက်၌ ကျင်းပသော ဟွန်ဒါမော်တော်ဆိုင်ကယ် အရောင်းပြခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

သွားရောက်ကြည်ညို

ယင်းနောက် ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက်ရှိ ပန်းလှိုင်စာသင်တိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာသနနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနိပုဏတို့၏ အန္တိမစျာပနတို့သို့ သွားရောက်ကြည်ညိုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လမ်းဘေးဈေးစည်ကားနေ၍ ဈေးအတွင်းမှ ဆိုင်များနစ်နာ

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြို့သစ်(၈)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ မြို့သစ်ဈေးသည် အတွင်းပိုင်း၌ ပုံအတိုင်း ပျက်စီးယိုယွင်းနေကာ ဈေးသည်များကလည်း ဈေးမြောက်ဘက်ရှိ (၇)လမ်းပေါ်တွင် ယာယီရောင်းရာမှ ယခုအချိန်အတွင်း အခိုင်အမာဆိုင်များဆောက်လုပ်ရောင်းချနေကြသည်။ ကားလမ်းဖြစ်သဖြင့် ယာဉ်များ၊ ဈေးသည်များနှင့် မကြာခဏ မတော်တဆမှုများ၊ ခါးပိုက်နှိုက်မှုများ၊ ဈေးသည်အချင်းချင်း နေရာလုမှုများ ဖြစ်နေကြသည်။ အပြင်ဈေး စည်ကားနေမှုကြောင့် အပြင်တန်းကို ဝယ်သူလာပြီး ဈေးအတွင်း ဝင်မဝယ်ကြတော့၍ အတွင်းမှ ဈေးသည်များ ဆိုင်ခွန် ဆိုင်ခများ ပေးဆောင်နေရသော်လည်း ဈေးဝယ်သူဝင်ခြင်း မရှိတော့ပေ။ ဈေးမရောင်းရတော့၍ အခက်အခဲများစွာ ဖြစ်နေရကြောင်း သိရသည်။ သက်ဆိုင်ရာခရိုင်၊ မြို့နယ်ဌာနများသို့ တိုင်ကြားလျှင်လည်း ခဏသာလာရောက် ရှင်းလင်းပြီး ဈေးအတွင်း ပြန်လည်ရောင်းချစေသော်လည်း တစ်ပတ်ခန့်ကြာလျှင် အပြင်ပြန်ထွက်ကြသည်ဟု သိရသည်။

"အခုဆိုရင် အပြင်တန်းထွက်ကြတာ ဆယ်နှစ်နီးပါးရှိကုန်ပြီ။ စနစ်တကျရှင်းမပေးတော့ လိုက်နာခြင်းမရှိဘူးပေါ့။ တိုင်လည်း ခဏပဲဆိုတော့ စည်းကမ်းပိုပျက်ကုန်တယ်ဗျာ။ ကျွန်တော်တို့ ဈေးထဲမှာ ဈေးမရောင်းရဘဲ အိပ်လိုက်၊ ပြန်သိမ်းလိုက်နဲ့ အရင်းပြုတ်တဲ့သူပြုတ်ကုန်တာပဲ။ မထွက်ရင်လည်း ဆိုင်ခွန်ခမဆောင်ရင် ဒဏ်ကြေးက ဆိုင်ခန်းခထက်ပိုများတော့ နေရာလေးလည်း မစွန့်နိုင်၊ ဈေးလည်းမရောင်းရနဲ့ ဒုက္ခရောက်ပါတယ်" ဟု ဆိုင်ရှင်တချို့က ပြောသည်။ နောက်ဆုံး တိုင်စာကို ဖေဖော်ဝါရီလအတွင်းက ပြည်ထဲရေးဝန်ကြီးအထိ တင်ကြောင်း၊ ၁၄-၃-၂၀၁၃မှာ အင်းစိန်မြို့နယ်မှူးကိုယ်တိုင်လာရောက် စစ်ဆေးခဲ့ပြီး စိတ်အေးအေးထားကြဖို့၊ အထက်အရာရှိများ တင်ပြရှင်းလင်းပေးပါမည်ဟုပြောပြခဲ့ပြီး အခုထိလာမရှင်းသေးကြောင်း ဆိုင်ရှင်တစ်ဦးက ပြောသည်။

ထိုကဲ့သို့ ဈေးကိုဈေးနှင့်တူအောင် စနစ်တကျမလုပ်ဘဲ အပြင်တန်းအုပ်ချုပ်ရေးပိုင်းကလည်း လမ်းသာယာရေးအဖွဲ့ဆိုပြီး တစ်နေ့ငွေကျပ် ၁၀၀ ကောက်ကြောင်း ပြောသည်။

ဈေးကို ဈေးနှင့်တူအောင် ယခုလို ပွင့်လင်းမြင်သာသောခေတ်ကြီးတွင် စနစ်တကျ စည်းကမ်းရှိရှိ မျှမျှတတ ဆောင်ရွက်ပြီး ဈေးဆိုင်ခန်းများ စနစ်တကျ ချမှတ်လုပ်ဆောင်ပေးသင့်ကြောင်း ထင်သာမြင်သာ ပြုပြင်စရာအဖြစ် ရေးသားပေးပို့လိုက်ပါသည်။

ထင်သာမြင်သာ ပြုပြင်စရာ

စိုး Z ကို

ဘာသာပေါင်းစုံ စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး အလုပ်ရုံဆွေးနွေး

လားရှိုး ဩဂုတ် ၁၇

လားရှိုးမြို့ ရပ်ကွက်(၂) စံကောင်းလမ်းရှိ ကတ်သလစ်ဘုရားကျောင်းဝင်း နှင်းဆီခန်းမ၌ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ရတနာမြေ လူမှုဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရတနာမြေ လူမှုဖွံ့ဖြိုးရေးအသင်း အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာနှင်းအေးကိုနှင့်အဖွဲ့ဝင်များ၊ အစ္စလာမ်ဘာသာရေးအသင်း၊ အစ္စလာမ် ဓမ္မဗိမာန် ပင်တိုင်တာဝန်ခံ၊ ဓမ္မကထိက စာပေဆော်ဩရေးမှူး ဦးမင်းနိုင်၊ ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ ပြန်ကြားရေးမှူး ဦးအောင်နိုင်၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်ကောင်စီအတွင်းရေးမှူး ဆရာတော် ဦးစောဒိုးဒိုးဝါး၊ မန်ဆူကျောင်းတိုက်ဆရာတော်၊ အေတီကျောင်းတိုက်ဆရာတော်၊ လားရှိုးမြို့မှ ပရိယတ္တိစာသင်တိုက်ဆရာတော်၊ ခါးရိုးတောင်ကျောင်းတိုက်ဆရာတော်၊ ဘာသာရေးဆိုင်ရာ လူကြီးမင်းများနှင့် ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၃၀ ခန့် တက်ရောက်ကြသည်။

သွားရောက်လေ့လာ

တက်ရောက်လာသူများက မိမိနှင့်သက်ဆိုင်သော အကြောင်းအရာများကိုရှင်းလင်းပြီး လားရှိုးမြို့ ရပ်ကွက်(၃)ဂျာမေ့ဗလီနှင့် ကတ်သလစ်ဘုရားကျောင်းသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

ပြည်တွင်းသတင်း

ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်နေပြီဖြစ်ရာ ထုတ်ကုန်များ၏ အရည်အသွေး၊ဈေးနှုန်းသာမက ဝန်ဆောင်မှုပါ ယှဉ်ပြိုင်နိုင်ရမည်

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ အမှတ် (၄)အထည်စက်ရုံမှ ထုတ်လုပ်သော အထည်များအား စစ်ဆေးကြည့်ရှုစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၇

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ အမှတ်(၄)အထည်စက်ရုံသို့ သွားရောက်ရာ အစည်းအဝေးခန်းမ၌ စက်ရုံမှူးက စက်ရုံ၏သမိုင်း၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်ထုတ်လုပ်မှု၊ ရောင်းချဖြန့်ဖြူးမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် စီးပွားရေးဝန်ကြီးဌာနဖြစ်သည့်အတွက် လုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်ရန်လိုအပ်ကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်မှုနှင့် ရောင်းချမှုဟန်ချက်ညီဖို့ လိုအပ်ကြောင်း၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကသို့ နှစ်တို/ နှစ်ရှည် ငှားရမ်းခြင်းနှင့် ပုဂ္ဂလိကသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချခြင်း နည်းလမ်းတို့ဖြင့် ဆောင်ရွက်သွားကြရန် မှာကြားပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အထက်မင်းလှမြို့နယ် မလွန်မြို့ရှိ အမှတ်(၁၇) အကြီးစားစက်ရုံ (မလွန်)သို့သွားရောက်၍ ဈေးကွက်နှင့် ကိုက်ညီသည့် ထုတ်ကုန်များ ထုတ်လုပ်ကြရမှာဖြစ်ကြောင်း၊ သမားရိုးကျထုတ်လုပ်ခြင်းမျိုး မဖြစ်စေဘဲ သုံးစွဲသူအကြိုက် ခေတ်နှင့်အညီ လိုက်ဖက်သည့် ဈေးကွက်ဝင် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးစားကြရမှာဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်နေသည်ဖြစ်၍ ထုတ်ကုန်များ၏ အရည်အသွေးရော ဈေးနှုန်းသာမက ဝန်ဆောင်မှုပါ ယှဉ်ပြိုင်နိုင်ကြရမှာဖြစ်ကြောင်း၊ မိမိတို့၏ ထုတ်ကုန်များနှင့် ပတ်သက်၍ သုံးစွဲသူ၊ ထုတ်လုပ်သူ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းရန် လိုအပ်ကြောင်း၊ Marketingကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ကြရမှာ ဖြစ်ကြောင်း၊ မိမိတို့ထုတ်ကုန်များကို ပြည်သူများ သိရှိစေရေး မီဒီယာလုပ်ငန်းများကို အသုံးပြုကြရန် မှာကြားပြီး လယ်ယာသုံးပစ္စည်းများ၊ ယာဉ်ယန္တရားများနှင့် ထုတ်ကုန်သစ်များ၊ ဆန်စက်ငယ်အလုပ်ရုံ၊ ဂီယာအလုပ်ရုံ၊ သံရည်ကျိုအလုပ်ရုံ၊ စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်မှု အလုပ်ရုံ၊ ပုံသွင်းနှင့် မာရှိန်ပြောင်းအလုပ်ရုံ၊ လယ်ထွန်စက်တပ်ဆင်ရေးအလုပ်ရုံနှင့် လမ်းကြိတ်စက်နှင့် နောက်တွဲယာဉ် ထုတ်လုပ်မှုအလုပ်ရုံများ၌ စက်ပစ္စည်းများ ထုတ်လုပ်နေမှုကိုလှည့်လည်စစ်ဆေးသည်။

အမှတ်(၁၇)အကြီးစားစက်ရုံ (မလွန်) မှ (50 HP, 80 HP, 90 HP) လယ်ထွန်စက်များ၊ နှစ်တန်နှင့် လေးတန်နောက်တွဲယာဉ်များ၊ စပါးခြွေလှေ့စက်များ၊ ဆန်စက်ငယ်များ၊ ၁၀ တန်နှင့် ၂၅ တန် လမ်းကြိတ်စက်များနှင့် သုံးဘီးဆိုင်ကယ်များကိုပါ တီထွင်ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာမိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ သရုပ်ပြရှင်းလင်း

နေပြည်တော် ဩဂုတ် ၁၇

မြန်မာမိုဘိုင်းလ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယမန်နေ့ညနေ ၃ နာရီတွင် ဗဟိုဘဏ်ရှိ ကွန်ဖရင့်ခန်းမ၌ ကျင်းပရာ မြန်မာမိုဘိုင်းလ် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း ဒါရိုက်တာအဖွဲ့ဝင် ဦးသန့်ဆွေက မြန်မာမိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုဆိုင်ရာလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် မိုဘိုင်းလ်ဖုန်းများတွင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ပုံလုပ်ငန်းအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးရင်စိန်က မြန်မာမိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၏ ဘဏ်ပိုင်း၊ ငွေစာရင်းပိုင်းဆိုင်ရာ ဆက်စပ်ဆောင်ရွက်ထားမှုနှင့် မိုဘိုင်းလ်ဖုန်းအသုံးပြု၍ငွေကြေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပုံများကို ရှင်းလင်းသရုပ်ပြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသူများက မိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအား အဆင်ပြေ ချောမွေ့စွာဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေဝတီတိုင်းဒေသကြီးအတွင်း မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကွင်းဆင်း

နေပြည်တော် ဩဂုတ် ၁၇

ရေဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်သည် ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက ပုသိမ်မြို့နယ် ကန်နီကျေးရွာနှင့် သူတော်ကုန်းကျေးရွာ၌ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသနှင့်သင့်တော်သည့် တိရစ္ဆာန်များကို စာရင်းမှတ်စနစ်ဖြင့် တိုးချဲ့မွေးမြူနိုင်ရန် ဆွေးနွေးစာရင်းကောက်ယူခြင်း၊ တိရစ္ဆာန်မွေးမြူရေးနည်းစနစ်များ ဟောပြောပညာပေးခြင်း၊ ရောဂါကာကွယ်စောင့်ရှောက်ခြင်းနှင့် မွေးမြူရေးသတင်းကွန်ရက် တည်ဆောက်ခြင်းတို့အတွက် ကြက်ခြေပြာသင်တန်းသားအစုအဖွဲ့များ ဖွဲ့စည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် သူတော်ကုန်းကျေးရွာရှိ ဒေသခံပြည်သူ ဦးကျော်မြင့်ဦး မွေးမြူထားသည့် ဥစားကြက်အကောင် ၄၀၀ ခြံ၌ မွေးမြူရေးနှင့် ကာကွယ်ရေးဆိုင်ရာ နည်းပညာများကို ဟောပြောခဲ့သည်။

ထို့အတူ မွန်းလွဲပိုင်းတွင် တွန်ပလွန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာလေးရွာမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မွေးမြူရေးပညာပေးဟောပြောခြင်း၊ စာရင်းမှတ်စနစ်ဖြင့် မျိုးမြှင့်တိရစ္ဆာန်များ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆွေးနွေးစာရင်းကောက်ယူခြင်း၊ ကြက်ခြေပြာသင်တန်းသားများစုဖွဲ့ပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်ထွန်း

ကုန်သည်/စက်မှုအသင်းချုပ် ကိုယ်စားလှယ်အဖွဲ့ အာဆီယံဆိုင်ရာအစည်းအဝေးများ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၉ ရက်မှ ၂၂ ရက်အထိ ဘရူနိုင်းဒါရုဆလမ် နိုင်ငံ၌ ကျင်းပမည့် ASEAN Business and Investment Sumit 2013, ASEAN Business Advisory Council Meeting and 26th East Asia Business Council Meeting နှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိမ်းလန်းသော တန်ဖိုးနည်းအိမ်ပုံစံရေးဆွဲပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၇

စိမ်းလန်းသော တန်ဖိုးနည်းအိမ်ပုံစံရေးဆွဲပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲမှာ ကျေးရွာမိသားစုအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ မြန်မာနိုင်ငံသားအားလုံးပါဝင်ရေးဆွဲနိုင်သည်။

ဆုအနေဖြင့် ပထမဆု ရွေးချယ်ခံရသူကို ငွေကျပ် ၁၀ သိန်းနှင့် နှစ်ဦးစာ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးစဉ်စရိတ်၊ ဒုတိယဆုရသူအား ငွေကျပ် ရှစ်သိန်းနှင့် နှစ်ဦးစာ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးစဉ်စရိတ်၊ တတိယဆုရသူအား ငွေကျပ်ငါးသိန်းနှင့် နှစ်ဦးစာ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးစဉ်စရိတ်၊ နှစ်သိမ့်ဆု ရရှိသူနှစ်ဦးအား နှစ်ဦးစာ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးစဉ် စရိတ်တို့ကို ချီးမြှင့်မည်ဖြစ်သည်။ ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးစဉ်အတွက် သွား/ပြန် လက်မှတ်နှစ်စောင်၊ သုံးညအိပ်လေးရက်အတွက် အသေးသုံးစရိတ်တို့ကို ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်သူများသည် ဩဂုတ် ၃၁ ရက်တွင် နောက်ဆုံးစာရင်းပေးသွင်းကြရမည်ဖြစ်ပြီး စက်တင်ဘာ ၇ ရက်တွင် စိမ်းလန်းသောတန်ဖိုးနည်းအိမ်ရာနှင့်ပတ်သက်၍ အချိန်ပိုင်းသင်တန်းပေးမည်ဖြစ်သည်။ ထို့ပြင် နိုဝင်ဘာ ၁၄ ရက်တွင် ဆုအမည်စာရင်းကို ကြေညာမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပုံစံပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် GEGG မှ လုပ်ငန်းရှင်များ၊ AMAမှ ဗိသုကာနှစ်ဦး၊ MES မှ ကိုယ်စားလှယ် အင်ဂျင်နီယာ တစ်ဦး၊ ယုံကြည်စိတ်ချရသော ဗိသုကာလုပ်ငန်းမှ နိုင်ငံတကာဒိုင်တစ်ဦးတို့ကဆောင်ရွက်မည်ဖြစ်သည်။

စာရင်းပေးသွင်းလိုသူများအနေဖြင့် AMA * ဖုန်း ၀၉-၇၃၁၅၄၄၆၀၊ ၀၁-၃၈၀၂၅၆၊ ဖက်စ် ၀၁-၃၈၀၃၂၉၊ Email;geggama@gmail.com သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြသည်။ **(သတင်းစဉ်)**

မိုးကြီးမည့် သတိပေးချက်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲအချိန်မိုးလေဝသတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည့်အပြင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၄၈ နာရီအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

(သတင်းစဉ်)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီး ဌာနလက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ တတိယ(၃)လ (၂၀၁၃ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း) စီမံကိန်းစခန်းဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်	-၁၉-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	-၂-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန်	-၁၆း၃၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာအသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ် (၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁



နိုင်ငံတကာသတင်း

ကွန်ဂိုတွင် ရှစ်နှစ်အောက်အပါအဝင်ကလေး ၈၂ ဦး သေနတ်သမားတို့လက်မှ ကယ်ထုတ်

ကာတန်ဂါ(ကွန်ဂို) ဩဂုတ် ၁၇

အသက်ရှစ်နှစ် မပြည့်သောကလေးအချို့အပါအဝင်ကလေး ၈၂ ဦးကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့လက်မှ ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း ကွန်ဂိုနိုင်ငံရှိ ကုလသမဂ္ဂမစ်ရှင်က ပြောကြားကြောင်း ဩဂုတ် ၁၇ ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။

အသက် ၁၃ နှစ်အရွယ် မိန်းကလေး ၁၃ ဦးအပါအဝင် အဆိုပါကလေးများကို လွှန်ခဲ့သော ခြောက်လက မိုင်မိုင်ဘာဘာတာ ကာတန်ဂါလက်နက်ကိုင်အဖွဲ့ထံမှ ကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း မိုနက်စကိုက ပြောသည်။

အဆိုပါလက်နက်ကိုင်အဖွဲ့သည် ကွန်ဂိုနိုင်ငံ အရှေ့တောင်ပိုင်း ကာတန်ဂါပြည်နယ်၌ တက်ကြွလှုပ်ရှားနေသောအဖွဲ့ဖြစ်သည်။

ကယ်တင်ခဲ့သည့် ကလေး ၄၀ ကို ယင်းတို့၏မိသားစုများနှင့် ပြန်လည်တွေ့ဆုံပေးနိုင်ခဲ့ပြီး အခြားကလေးများကို ပြုစုစောင့်ရှောက်ပေးထားသည်ဟု ဆိုသည်။

၎င်းကလေးများကို မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပြီး စစ်သွေးကြွများလက်မှ ခွဲထုတ်နိုင်ခဲ့ကြောင်းလည်း မိုနက်စကိုက ပြောသည်။ ကွန်ဂိုနိုင်ငံတွင် ယခုနှစ် နှစ်ဆန်းပိုင်းမှစပြီး လက်နက်ကိုင်အဖွဲ့များလက်မှ အမျိုးသမီး ၂၂ ဦး အပါအဝင် ကလေး ၁၆၃ ဦးကို ကယ်တင်ပေးခဲ့ကြောင်း၎င်းကပြောသည်။ **(ဘီဘီစီ)**

ကာဂျစ္စတန်နှင့်ကာဇက်စတန် နှစ်နိုင်ငံနယ်ခြား မြစ်ကြမ်းပြင်တွင် အရက်မှောင်ခိုပိုက်လိုင်းတွေ့ရှိ

အစ္စတန်နာ ဩဂုတ် ၁၇

ကာဂျစ္စတန်နိုင်ငံတွင်းသို့ ကာဇက်စတန်ဘက်မှလာသော အရက်မှောင်ခိုသွင်းပို့ရာ ရေအောက်ပိုက်လိုင်းကို ကာဂျစ္စတန်နယ်စပ်နှင့် အကောက်ခွန်အရာရှိများက ရှာဖွေတွေ့ရှိကြောင်း ဩဂုတ် ၁၆ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အရက်မှောင်ခိုသွင်းသည့် ယင်းယာယီပိုက်လိုင်းကို နှစ်နိုင်ငံနယ်ခြားမြစ်ဖြစ်သော ချူမြစ်ကြမ်းပြင်တွင် တွေ့ရှိခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

ယူဆ

ယင်းပိုက်လိုင်းမှနေ၍ သန့်စင်အရက် လီတာထောင်ပေါင်း များစွာ မှောင်ခိုပို့သွင်းခဲ့ဟန် ရှိကြောင်း တာဝန်ရှိအရာရှိများက ယူဆသည်။

အရက်မှောင်ခိုပိုက်လိုင်းကို မည်သို့ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း၊ သို့သော်လည်း ယင်းပိုက်လိုင်းနောက်ကွယ်မှ မှောင်ခိုသမားများကို ဖော်ထုတ်ရန် ရှာဖွေလျက်ရှိကြောင်း သိရသည်။

ပိုက်လိုင်းတည်နေရာမှာ နယ်စပ်လုံခြုံရေး ဂိတ်စခန်းတစ်ခုနှင့် မဝေးကွာလှဘဲ ကီလိုမီတာအနည်းငယ်အကွာတွင် ရှိနေကြောင်း ဒေသမီဒီယာများက ဖော်ပြသည်။

ကာဇက်စတန်နိုင်ငံသည် အာရှအလယ်ပိုင်း၌ ဂျုံဈေးကွက်အကြီးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ဂျုံမှထုတ်လုပ်သော အရက်ဈေးနှုန်းမှာလည်း အိမ်နီးချင်းနိုင်ငံများထက်အဖိုးနှုန်း အလွန်ချိုသာကြောင်း သိရသည်။

(ဘီဘီစီ)

ပေါက်ကွဲနစ်မြုပ်ခဲ့သော ရေငုပ်သင်္ဘောအတွင်း သေဆုံးရေတပ်သားများကို ရှာဖွေလျက်ရှိစဉ်။

မီးလောင်ခံရခြင်းနှင့်ရေနစ်မြုပ်ခြင်းတို့ကြောင့် ရေငုပ်သင်္ဘောအတွင်းမှ ရေတပ်သားတို့သေဆုံးရ

မွမ်ဘိုင်း ဩဂုတ် ၁၇

ပေါက်ကွဲမီးလောင်နစ်မြုပ်သွားသော အိန္ဒိယရေတပ်ရေငုပ်သင်္ဘောအတွင်းမှ သယ်ထုတ်ခဲ့သည့် ရေတပ်သားငါးဦး၏ ရုပ်အလောင်းများကို ခွဲစိတ်စစ်ဆေးတွေ့ရှိချက်များအရ မီးအကြီးအကျယ်လောင်ကျွမ်းခံရခြင်းနှင့် ရေနစ်ခြင်းတို့ကြောင့် သေဆုံးရခြင်း ဖြစ်သည်ဟုဆိုသည်။ အဆိုပါ သင်္ဘောပျက်အတွင်း ရေငုပ်သမားများက ရှာဖွေမှုများကို ယနေ့ဆက်လက်ပြုလုပ်လျက်ရှိသည်။

ရုပ်အလောင်းများ ခွဲစိတ်စစ်ဆေးမှုကို နိုင်ငံပိုင် ဂျေဂျေဆေးရုံမှ ဆရာဝန်များက အစအဆုံးပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရင်းမြစ်များက ပြောကြားသည်။ ရုပ်အလောင်းများကို မည်သူမည်ဝါခွဲခြား အတည်ပြုနိုင်ရန်အတွက် ဒီအင်န်အေနမူနာများနှင့် သွားရာနမူနာများကို ရယူထားကြောင်း၊ ၎င်းတို့ကို မှုခင်းဆိုင်ရာ သရုပ်ခွဲ ဆန်းစစ်နိုင်ရန် ပေးပို့သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နစ်မြုပ်ရေငုပ်သင်္ဘောတွင် ရှိနေခဲ့သော အရာရှိသုံးဦး အပါအဝင် ရေတပ်တပ်ဖွဲ့ဝင် ၁၈ ဦး ရှိသည့်အနက် ငါးဦးကိုသာ ထုတ်ယူနိုင်သေးသည်။ **ပီတီအိုင်**

စပါးအုံးမြွေ အကောင် ၄၀ မိုတယ်အခန်းထဲ၌တွေ့ရှိ

အွန်တာရီယို(ကနေဒါ) ဩဂုတ် ၁၇

ကနေဒါ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအရာရှိများက မိုတယ်အခန်းတစ်ခန်းအတွင်းရှိ ပလတ်စတစ်အမှိုက်ပုံးများအတွင်းမှ စပါးအုံးမြွေအကောင် ၄၀ ကို ကယ်တင်နိုင်ခဲ့ကြောင်း ဩဂုတ် ၁၆ ရက် ရိုက်တာသတင်းတွင် ဖော်ပြသည်။

အဆိုပါ စပါးအုံးမြွေအကောင် ၄၀ မှာ အရှည် တစ်ပေမှ လေးပေခွဲခန့်ရှိသော မြွေများဖြစ်ပြီး ဧည့်သည်များပိုင်ဆိုင်သော မြွေများဖြစ်ကြောင်း အွန်တာရီယိုပြည်နယ် ဘရန့်ဖို့ဒ်မြို့ မိုတယ်မန်နေဂျာ တစ်ဦးက ပြောကြားသည်။

ရဲတပ်ဖွဲ့က တိရစ္ဆာန်များကို ဖမ်းဆီးနေချိန် အဆိုပါအခန်းမှ ဧည့်သည် အခန်းခများရှင်းပြီး ထွက်ခွာသွားသည်။ ဘရန့်ဖို့ဒ် တိရစ္ဆာန်ဥပဒေအရ စပါးအုံးမြွေများကို နေအိမ်များ၌ ပိုင်ဆိုင်မွေးမြူခွင့်မရှိဟု ဆိုသည်။

၎င်းမြွေကြီးများကို တောရိုင်းတိရစ္ဆာန်တားဆီးကာကွယ်ရေးအဖွဲ့ ဘရက်ကောင်တီအဖွဲ့က ဖွင့်လှစ်ထားသော တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၌ ထားရှိပေးထားသည်ဟု ဆိုသည်။ တိရစ္ဆာန်ထိန်းသိမ်းရေးအရာရှိများက ယင်းအမှုကို ဆက်လက် စုံစမ်းသွားမည်ဟုဆိုသည်။

(ရိုက်တာ)

ဖိလစ်ပိုင်ကမ်းလွန်၌ ကူးတို့ရေယာဉ်နစ်မြုပ် အနည်းဆုံး ၂၈ ဦး သေဆုံး

မနီလာ ဩဂုတ် ၁၇

ဖိလစ်ပိုင်ကမ်းလွန်၌ ကူးတို့ရေယာဉ်တစ်စင်း ကုန်တင်သင်္ဘောတစ်စင်းနှင့်တိုက်မိပြီး နစ်မြုပ်သွားသဖြင့် အနည်းဆုံး၂၈ဦး သေဆုံးပြီး ၂၁၃ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဩဂုတ် ၁၇ ရက် ကျိုဒိုသတင်းတွင် ဖော်ပြသည်။ အမ်ဗွီသောမတ်စ် အကွီနတ်အမည်ရှိ ကူးတို့ရေယာဉ်သည် ဩဂုတ် ၁၆ ရက် ညနေပိုင်းက စီဘူးဒေသ အလယ်ပိုင်းအနီး ကုန်တင်သင်္ဘောတစ်စင်းကို ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ ကူးတို့သင်္ဘောသည် ခရီးသည် ၇၅၂ ဦးနှင့် ဝန်ထမ်း ၁၁၈ ဦး လိုက်ပါလာကြောင်း ကမ်းခြေစောင့်စာရင်းဇယားများအရ သိရသည်။ ရေယာဉ်တိုက်မှုသည် ကမ်းခြေမှ ၁ ဒသမ ၂ မိုင်အကွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကူးတို့ရေယာဉ်သည် စီဘူးမြို့ ဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းနေစဉ် အခြားရေလမ်းကြောင်းသို့ ထွက်ခွာနေသော ကုန်တင်သင်္ဘောကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ ကူးတို့ ရေယာဉ်နစ်မြုပ်ချိန်တွင် ရာပေါင်းများစွာသော ခရီးသွားများသည် သမုဒ္ဒရာအတွင်း ခုန်ချခဲ့သည်ဟု ဆိုသည်။ **(ကျိုဒို)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ဒုတိယဦးစီးမှူး(လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)နှင့် အဆင့်တူရာထူးနေရာများအတွက် အရည်အချင်းစစ်စာမေးပွဲအောင်မြင်၍ လူတွေ့စစ်ဆေးဖြေဆိုရန် အကြောင်းကြားခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနမှ ကြော်ငြာခေါ်ယူထားသော ဒုတိယဦးစီးမှူးနှင့်အဆင့်တူ ရာထူးနေရာများအတွက် အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မောင်မောင်ဝင်းစိုး ၁၁/ပဏတ(နိုင်)၀၆၂၉၄၈	(၉) မယမင်းထိုက် ၁၂/အစန(နိုင်)၁၈၂၆၁၀	(၁၇) မနှင်းလဲ့ရည် ၉/ကပတ(နိုင်)၁၉၅၀၈၈
(၂) မခိုင်ရွှေဝင်း ၈/မဘန(နိုင်)၀၉၈၂၀၃	(၁၀) မခင်စုစုလှိုင် ၉/မထလ(နိုင်)၂၂၅၂၆၈	(၁၈) မောင်ဇင်ဦး ၈/စလန(နိုင်)၁၆၁၀၅၈
(၃) မဝါဝါနု ၈/ခမန(နိုင်)၁၆၈၄၈၅	(၁၁) မဖြိုးဖြိုးခိုင် ၉/လဝန(နိုင်)၁၆၄၈၇၆	(၁၉) မမေသကြင်န် ၁၂/ရပသ(နိုင်)၀၅၄၈၉၂
(၄) မသန်းသန်းစိုး ၈/မဘန(နိုင်)၀၉၂၀၇၂	(၁၂) မရီရီမြင့် ၇/ကဝန(နိုင်)၁၁၆၄၂၁	(၂၀) မမြတ်ဆုမွန် ၉/ရမသ(နိုင်)၁၂၅၈၁၁
(၅) မဟေမာဦး ၈/မကန(နိုင်)၁၆၁၆၆၀	(၁၃) မခင်မို့မို့အောင် ၇/ပမန(နိုင်)၁၃၇၂၇၆	(၂၁) မယုမြတ်မွန် ၉/တသန(နိုင်)၁၄၀၃၁၀
(၆) မလဲ့လဲ့မျိုး ၁၃/တကန(နိုင်)၁၇၁၂၆၃	(၁၄) မသိမ့်သိမ့်မိုး ၈/နမန(နိုင်)၁၃၅၆၁၆	(၂၂) မယုမြတ်နိုး ၉/မထလ(နိုင်)၂၃၃၈၆၈
(၇) မဇူလိုင်မိုး ၈/ပဖန(နိုင်)၀၉၃၀၃၈	(၁၅) မအေးအေးမြင့် ၁၄/ပသန(နိုင်)၁၉၈၃၅၁	(၂၃) မလှလေးစိန် ၉/သစန(နိုင်)၁၂၉၅၃၀
(၈) မဇာခြည်မင်း ၈/မကန(နိုင်)၁၆၈၆၃၅	(၁၆) မအိအိဖြိုး ၉/ညဥန(နိုင်)၁၅၆၈၈၀	(၂၄) မမေလဲ့သင်း ၁၂/ခရန(နိုင်)၀၈၉၂၂၁

၂။ အဆိုပါစာမေးပွဲအောင်မြင်သူများသည် ၂၇-၈-၂၀၁၃ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(စီမံရေးရာဌာန)ဖုန်း-၀၆၇-၄၁၂၂၀၅၊ ၄၁၂၂၀၃များသို့သတင်းပို့ဆက်သွယ်ရန်ဖြစ်ပြီး၂၈-၈-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးစုဝေးခန်းမ၌ လူတွေ့စစ်ဆေးမည်ဖြစ်ပါသဖြင့် ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန(နေပြည်တော်)သို့ မပျက်မကွက်လာရောက်ဖြေဆိုရန် အကြောင်းကြားပါသည်။

ပျောက်ဆုံးကြောင်း

အောင်ရတနာမိုး ကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၄၀၁/၂၀၁၁-၂၀၁၂မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၈၆၂၃၄၂၄**

စာအုပ်စာပေ လှူမိတ်ဆွေ

ပိုမိုဆိုးရွားလာတဲ့ အီဂျစ်နိုင်ငံအကျပ်အတည်း

မောင်နွေသစ်

အီဂျစ်နိုင်ငံမှာ ဇူလိုင်လဆန်းပိုင်းက သမ္မတမိုဟာမက်မော်စီကို ဖြုတ်ချပြီး စစ်တပ်က အာဏာသိမ်းခဲ့ပြီးတဲ့နောက် ဩဂုတ် ၁၄ ရက်က ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်ကတော့ သေပျောက်မှုအများဆုံးပါပဲ။ အစိုးရတပ်ဖွဲ့ဝင်များက ကိုင်ရိုမြို့ သပိတ်စခန်းနှစ်ခုကို ဖြိုခွင်းစဉ် အစိုးရတပ်များနဲ့ သမ္မတမော်စီ ထောက်ခံဆန္ဒပြသူတွေ အကြား ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခဖြစ်ပါတယ်။

အဲဒီနေ့ကဖြစ်ခဲ့တဲ့ ဖြစ်စဉ်အတွင်း ရဲတပ်ဖွဲ့ဝင်တွေ အပါအဝင်အနည်းဆုံး ၆၃၈ ဦး သေဆုံးခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့်အကြမ်းဖက်မှုတွေက အဆုံးသတ်သွားတဲ့ အနေအထားမရှိပါဘူး။ ဖြုတ်ချခံ သမ္မတ မော်စီကိုထောက်ခံ သူတွေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ အကြား ထပ်မံပြီးတော့ ပဋိပက္ခ ဖြစ်ပွားခဲ့တာကြောင့် အနည်းဆုံး လူ ၂၀ ကျော် သေဆုံးခဲ့ပြန်ပါတယ်။ ကိုင်ရိုမြို့ ရမ်ဆက် ရင်ပြင်အနီးမှာ ဩဂုတ် ၁၆ ရက်က ဖြစ်ပွားတဲ့ အကြမ်းဖက်မှု အတွင်း ၁၁ ဦးသေဆုံးပြီး ဆိုးရွားစွာ ဒဏ်ရာရတဲ့သူ အများအပြားရှိတယ်လို့ဆိုပါတယ်။ ဆန္ဒပြမှုဟာ ကိုင်ရိုမြို့တစ်နေရာတည်းမှာ မဟုတ်တော့ပါဘူး။ အီဂျစ်နိုင်ငံ တစ်ဝန်းလုံး ပျံ့နှံ့သွားပါပြီ။ ဩဂုတ် ၁၆ ရက်က အီဂျစ်နိုင်ငံတစ်ဝန်း အနည်းဆုံး လူ ၁၂ ဦးသေဆုံးခဲ့ ရတယ်လို့ဆိုပါတယ်။

ရဲတပ်ဖွဲ့ဝင်တွေကို လိုအပ်ရင် လိုအပ်သလို လက်နက်အသုံးပြုခွင့် ပေးထားတယ်လို့ အီဂျစ်ပြည်ထဲရေးဝန်ကြီးက ပြောပါတယ်။ မော်စီရဲ့ မွတ်စလင်ညီနောင်များပါတီက ဒေါသထွက်သော ချီတက်ဆန္ဒပြပွဲသို့ ပါဝင်ဆင်နွှဲကြဖို့ တိုက်တွန်းခဲ့ပြီးနောက် ဩဂုတ် ၁၆ ရက်မှာ ရမ်ဆက်ရင်ပြင်မှာ လူရာပေါင်းများစွာ ချီတက်ခဲ့ကြပါတယ်။ ဆန္ဒပြသူများကအာဏာသိမ်းအစိုးရ နုတ်ထွက်ပေးဖို့တောင်းဆိုခဲ့ကြပါတယ်။ ဇူလိုင် ၃ ရက်က သမ္မတမော်စီကို ဖြုတ်ချခဲ့သော စစ်တပ်ကို ရည်ညွှန်းပြောကြားလိုက်ခြင်းဖြစ်ပါတယ်။ ရဲစခန်းတစ်ခု အတွင်းမှ သေနတ်တစ်ချက်ပစ်ဖောက်လိုက်စဉ်မှာ ဆန္ဒပြသူများက စတင် အကြမ်းဖက်မှုများပြုလုပ်ခဲ့ကြပါတယ်။ မျက်ရည်ယိုဗုံးနှင့် ပစ်ခွင်းပြီး စက်သေနတ်သံတွေ ရင်ပြင်တစ်ခုလုံး ဆူညံသွားတယ်လို့ ဆိုပါတယ်။

ကိုင်ရိုမြို့မှာ လုံခြုံရေးတင်းကျပ်လျက်ရှိပြီး သံချပ်ကာယာဉ်တွေနဲ့ လမ်းမများတစ်လျှောက် ကင်းလှည့်နေပါတယ်။ လုံခြုံရေးတပ်တွေက အရေးကြီးတဲ့အစိုးရအဆောက်အအုံနေရာတွေကို ကာကွယ်ဖို့လုံခြုံရေး အပြည့်အဝချထားပါတယ်။

အမေရိကန်သမ္မတ အိုဘားမားကတော့ အီဂျစ်အစိုးရအား ဆန္ဒပြသပိတ်စခန်းနှစ်ခုကို အင်အားသုံး ဖြိုခွင်းခဲ့တဲ့အတွက် ဝေဖန်ပြစ်တင်ပြောကြားလိုက်ပါတယ်။ အမေရိကန်က အီဂျစ်နဲ့ပူးတွဲ စစ်ရေးလေ့ကျင့်မည့် အစီအစဉ်ကိုလည်း ဖျက်သိမ်းလိုက်ပါတယ်။ အရပ်သားများ သေဆုံးခဲ့တဲ့အတွက် ပူးပေါင်းဆောင်ရွက်မှုလည်း မပြုလုပ်နိုင်တော့ကြောင်း အိုဘားမားက ပြောကြားလိုက်ပါတယ်။ ဩဂုတ် ၁၃ ရက်ကဖြစ်ပွားတဲ့ ကိုင်ရိုမြို့အကြမ်းဖက်မှုကတော့ အီဂျစ်နိုင်ငံမှာ နှစ် ၄၀ အတွင်း အဆိုးရွားဆုံး သွေးထွက်သံယိုမှုလို့ ဆိုပါတယ်။

အီဂျစ်နိုင်ငံရဲ့ ဒီအကျပ်အတည်းဟာ ဘယ်တော့ အဆုံးသတ်မလဲဆိုတာတော့ မပြောနိုင်သေးပါဘူး။ ဒီပဋိပက္ခရဲ့အစဟာ သမ္မတမော်စီထောက်ခံသူတွေနဲ့ အတိုက်အခံတွေအကြား အပြန်အလှန် ဆန္ဒပြခဲ့ရာက စခဲ့တာဖြစ်ပါတယ်။

နိုင်ငံတကာသတင်း

ဂျီအမ်ခရုဇ်ကားများ ဈေးကွက်မှပြန်သိမ်း

အမေရိကန်နိုင်ငံ၏ အကြီးဆုံး ကားထုတ်လုပ်ရေးကုမ္ပဏီ ဂျင်နရယ်မော်တော်ကော်ပိုရေးရှင်း(ဂျီအမ်)က ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ထုတ်လုပ်ခဲ့သော ချက်ဗလက်ခရုဇ်ကားစီးရေ ၃၄၀၀၀၀ နီးပါးကို ဘရိတ်အကူ ချွတ်ယွင်းမှုရှိ၍ ကမ္ဘာတစ်ဝန်း ဈေးကွက်များမှ ပြန်သိမ်းကြောင်း ဒေသဆိုင်ရာမီဒီယာက ဩဂုတ် ၁၆ ရက်တွင် ကြေညာထားသည်။ အဆိုပါ ခရုဇ်ကားများသာလျှင် ဘရိတ်ချွတ်ယွင်းချက်တွေ့ရှိရခြင်းဖြစ်ကြောင်း ဒက်ထရွိုက်အခြေစိုက် ၄င်းကားကုမ္ပဏီကပြောသည်။ ပြန်လည်သိမ်းဆည်းမည့် အဆိုပါ ကားများတွင် အမေရိကန်မှ ၂၉၂၈၇၉ စီး၊ ကနေဒါမှ ၄၄၇၈၉ စီးနှင့် အစ္စရေးမှ ၆၄၁ စီးတို့ ပါဝင်သည်။

. . . .

ပိုလီယိုဖြစ်ပွားမှု ဆိုမာလီစံချိန်တင်

ဆိုမာလီနိုင်ငံ၌ ဆေးဘက်ဆိုင်ရာ လူမှုကူညီရေးအဖွဲ့တစ်ဖွဲ့သည် လုံခြုံရေး မပေးနိုင်သည့်အတွက် နိုင်ငံမှရုပ်သိမ်းသွားပြီးနောက် ရက်ပိုင်းအကြာ ကုလသမဂ္ဂက ပိုလီယို စံချိန်တင်ဖြစ်ပွားနေမှုကို သတိပေးလိုက်သည်။ အနည်းဆုံး ပိုလီယိုဖြစ်ပွားသူ ၁၀၅ ဦးရှိသည်ဟုဆိုသည်။ ယင်းမှာ ၂၀၁၂ ခုနှစ်က ကမ္ဘာတစ်ဝန်း ဖြစ်ပွားမှုအရေအတွက်၏ တစ်ဝက်နီးပါးရှိသည်ဟုဆိုသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပိုလီယိုကင်းစင်ပပျောက်ရေးအတွက် ကြိုးစားလျက်ရှိရာ ဖြစ်ပွားမှု သိသိသာသာ လျော့ကျသွားခဲ့သည်ဟုဆိုသည်။ ဆိုမာလီနိုင်ငံ၌ ဖြစ်ပွားမှုအများစုသည် စစ်သွေးကြွအုပ်စု အယ်လ်ရှာဘတ်ထိန်းချုပ်သော ဒေသများ၌ဖြစ်သည်။

. . . .

အီဂျစ်အရေး အီးယူဆွေးနွေးမည်

အီးယူသံတမန်များအနေဖြင့် အီဂျစ်၌ဖြစ်ပွားနေသော သွေးထွက်သံယို ပဋိပက္ခကို လက်တုံ့ပြန်ရေး ကူညီပေးရန် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့၌ ဩဂုတ်၁၉ရက်တွင် အရေးပေါ်ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတွင်ဖော်ပြသည်။ ယင်းတို့သည် အီဂျစ်ကြားဖြတ်အစိုးရ သို့မဟုတ် စစ်ဘက်တာဝန်ရှိသူများအား အရေးယူပိတ်ဆို့ရေး ပြဋ္ဌာန်းသွားဖွယ်ရှိကြောင်းလည်း သိရသည်။ အဆိုပါဆွေးနွေးပွဲကို အီးယူနိုင်ငံခြားရေးဝန်ကြီးများ ဦးဆောင်ကျင်းပမည်ဖြစ်သည်။ ထိုအတောအတွင်း ဒိန်းမတ်က အီဂျစ်အစိုးရနှင့် လက်ရှိ လုပ်ကိုင်နေသော စီမံကိန်းနှစ်ခုကို ရပ်ဆိုင်းကြောင်း ကြေညာလိုက်သည်။

မြင့်မောင်စိုး-စုစည်းသည်

ကင်ဆာရောဂါများ၏ ဇစ်မြစ်ကို မျိုးဗီဇသုတေသနပညာရှင်များဖော်ထုတ်

ဗြိတိန်သုတေသန ပညာရှင်အဖွဲ့သည် အကျိတ်အဖုများကြီးထွားပျံ့နှံ့မှုဖြစ်စေသည့် သန္ဓေပြောင်းလဲမှုဖြစ်စဉ်ကို သိရှိခဲ့ပြီး အကျိတ်အဖုများပျံ့နှံ့မှုနောက်ကွယ်က သန္ဓေပြောင်းဖြစ်စဉ် သရုပ်ခွဲမြေပုံကို စီစဉ်ရေးဆွဲနိုင်ပြီဖြစ်သည်။

ယခုသရုပ်ခွဲမြေပုံ ရေးဆွဲလိုက်နိုင်ခြင်းက ကင်ဆာဆဲလ်များ ပျံ့နှံ့မှုမှကာကွယ်နိုင်ရေးတွင် ပိုမိုကောင်းမွန်သော လမ်းစဖြစ်မည်ဟုလည်း ဆိုသည်။ သုတေသနပညာရှင်များက ဇီဝကလာပ်စည်းရုပ်စု (Genomes) သို့မဟုတ်မျိုးဗီဇကုတ်နံပါတ်ပေါင်း ၇၀၀၀ ကျော်ထက်မနည်းကို သရုပ်ခွဲခဲ့ရာ DNA သန္ဓေပြောင်းဖြစ်စဉ်တစ်ရပ်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သဘာဝဗေဒဂျာနယ်တွင် ရေးသားဖော်ပြသည်။

"ဒါကအလွန်အင်မတန် အရေးကြီးတယ်။ အသေးစိတ်ကျကျ ခေတ်ခဲ့ သုတေသနလုပ်ခဲ့တယ်။ ကင်ဆာ DNA ရှိ အချက်အလက်စုံကို ခေတ်ခဲ့သုတေသနပြုပြီး ကင်ဆာကြီးထွားမှု ဘယ်လိုဖြစ်လာသလဲ၊ ဘာကြောင့် ဖြစ်သလဲဆိုတာ နားလည်လိုက်ရပြီဖြစ်ပါတယ်" ဟု သုတေသနအဖွဲ့ဝင် ဆီရီနာက ဆက်လက်ပြောကြားသည်။ ကင်ဆာရောဂါမှန်သမျှသည် လူတစ်ဦး သက်ရှိထင်ရှားရှိနေစဉ်မှာပင် ခန္ဓာကိုယ်ရှိဆဲလ်များ မျိုးဗီဇ သန္ဓေပြောင်းလဲမှု ဖြစ်ပွားကာ ကင်ဆာဖြစ်ခြင်းဖြစ်သည်ဟု သိရသည်။

ဩသခေါ်ျာ-ရေးသည်

အာကာသ၌ ကမ္ဘာဂြိုဟ်အရွယ်အစား ကြယ်တာရာအများအပြားတွေ့ရှိ

အာကာသသို့ နာဆာမှလွှတ်တင်ထားသော ကက်ပလာမှန်ပြောင်းယာဉ်မှ ပေးပို့သော ဓာတ်ပုံနှင့် အချက်အလက်များအရ ကမ္ဘာဂြိုဟ်အရွယ်အစားနှင့်တူသည့် ကြယ်တာရာ ပေါင်း ၃၅၀၀ ခန့် တွေ့ရှိရကြောင်း နာဆာမှ အာကာသသုတေသနပညာရှင်များက ပြောကြားသည်။

အာကာသအတွင်း ကြယ်တာရာများကို လေ့လာနေသည့် ကက်ပလာမှန်ပြောင်းယာဉ်သည် ဘီးတစ်လုံး ပြုတ်ထွက်သွားပြီးနောက် ယခုအခါ ဘီးနှစ်လုံးတည်းဖြင့် လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။ လူလိုက်ပါခြင်းမရှိသည့် ကက်ပလာမှန်ပြောင်း အာကာသယာဉ်ကို ၂၀၀၉ ခုနှစ်ကတည်းက အာကာသသို့ လွှတ်တင်ကာ လေ့လာမှုများ ပြုလုပ်စေခဲ့ခြင်းဖြစ်သည်။

ယခုအခါ သုံးနှစ်တာခန့်ကာလအတွင်းရရှိသော ပုံရိပ်များနှင့် အချက်အလက်များကို ပထမဆုံးအကြိမ်အဖြစ် တရားဝင်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ယခုထုတ်ပြန်ချက်အရ ကမ္ဘာဂြိုဟ်အရွယ်အစားနှင့် ပုံသဏ္ဌာန် ပါခပ်ဆင်ဆင်တူညီသော ကြယ်တာရာအလုံးပေါင်း ၁၃၅ ခု တွေ့ရှိရသည်ဟုဆိုသည်။ ထို့အတူ ယခင်က ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိသော ကြယ်တာရာသစ် အများအပြားလည်း တွေ့ရှိခဲ့ရကြောင်း၊ အချို့ကြယ်တာရာများသည် သီးခြား ရပ်တည်နေခြင်းဖြစ်ကြောင်း၊ အချို့မှာ အစုအဝေးသဖွယ် တည်ရှိနေခြင်းဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

ဝေယံဦး-ရေးသည်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၈၆၂ ၊မြေကွက်တည်နေရာအမှတ် ၈၆၂၊ ၆ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဒေါ်မြမြသိန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်မြမြသိန်း ၁၂/ဗဟန(နိုင်)၁၃၁၀၂၈ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ်(၁၂/ခ-၇)၊ မြေကွက်တည်နေရာ အမှတ် ၁၂/ခ(၇)၊ ကန်လမ်း၊ ၁၀ ရပ်ကွက်၊ တံတားဖြူ၊ လှိုင်မြို့နယ် (မေဂျာ-ဦးဘာ) အမည်ပေါက် မြေပိုင်မြေ (လ/န ၃၉ ရပြီး)မြေအား အမည်ပေါက် မေဂျာ-ဦးဘာထံမှ အရောင်းအဝယ်စာချုပ် အမှတ် (၅၂၀/၂၇-၆-၁၉၆၂)ဖြင့် ဝယ်ယူထားသူ ဒေါက်တာအယ်လ်ကျော်မြ ကွယ်လွန်သဖြင့် ဒေါ်ချစ်မေ ၁၂/လမန(နိုင်) ၀၆၃၉၁၄က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ တင်ပြ၍ ဒေါ်ချစ်မေကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၄၈၅/၂၀၁၂ (၂၃-၃-၂၀၁၂) ဖြင့်ရသူ ဦးအေးမြင့်က အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(Open Tender)

လူပျောက်ကြော်ငြာ



မချိုချိုသိန်း ၈/မကန(နိုင်)၁၂၅၂၈၇ မိဘများ စိတ်ပူနေကြသည်။ ကိစ္စအားလုံးခွင့်လွှတ်သည်။ ရောက်ရာအရပ်မှ မိဘများထံအမြန်ဆုံး ဆက်သွယ်ပါ။ တွေ့ရှိသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန်။

ချိုချိုသိန်းရဲ့ အန်တီလဲ စိတ်ပူနေပါသဖြင့် အမြန်ဆက်သွယ်ပါ။

မိဘများ-ဖုန်း-၀၉-၄၂၀၁၂၁၁၅၃၊ ၀၉-၃၃၀၁၁၅၇၅၊ အန်တီ-ဖုန်း-၀၉-၆၅၆၁၃၄၀

ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

Golden Duck Restaurant

Hein Htet San Law Firm

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

‘လည်းကောင်း–၎င်း–သော်လည်းကောင်း’

မောင်ခင်မင်(ဓနုဖြူ)

“လည်းကောင်းနဲ့၎င်း၊ စာလုံးပေါင်းနှစ်မျိုးကို စာတွေထဲမှာတွေ့ရပါတယ်။ အဲဒီစာလုံးနှစ်လုံးဟာ အဓိပ္ပာယ်တူသလား၊ မတူဘူးလားဆိုတာ သိပ်မရှင်းပါဘူးဆရာ”

“ဟုတ်ပါတယ်ဆရာ။ တချို့က‘၎င်း’လို့ ရေးတာမှားတယ်၊ ‘လည်းကောင်း’ လို့ရေးမှ မှန်တယ်လို့ပြောပါတယ်။ အဲဒါဟုတ်ပါသလား ဆရာ”

မြန်မာစာအရေးအသားဆွေးနွေးပွဲတစ်ခုတွင် လူငယ်နှစ်ဦးက ဤသို့ ဆွေးနွေးမေးမြန်းကြသည်။ ‘လည်းကောင်း’နှင့် ‘၎င်း’အကြောင်း ရှင်းပြဖို့ အကြောင်းပေါ်လာပြန်ပါပြီ။

“၎င်းဆိုတာ ‘လည်းကောင်း’ကို အတိုကောက်ရေးတဲ့စာလုံးပါ။ ယေဘုယျအားဖြင့်တော့ အဓိပ္ပာယ်အတူတူပါပဲ။ စိတ်ဝင်စားစရာ အချက်တစ်ချက်က အဲဒီ ‘လည်းကောင်း’ဆိုတဲ့ စာလုံးကို မြန်မာစာအရေးအသားပေါ်စကတည်းက တွေ့ရတယ်ဆိုတဲ့အချက်ပါပဲ”

“ဘယ်စာထဲမှာတွေ့ရတာပါလဲဆရာ”

“သက္ကရာဇ်အခိုင်အမာပါတဲ့ အစောဆုံးမြန်မာစာအဖြစ် ပညာရှင်တွေသတ်မှတ်ထားတဲ့ ရာဇကုမာရ်ကျောက်စာ၊ တစ်နည်းအားဖြင့် မြစေတီကျောက်စာထဲမှာ စပြီးတွေ့ရတာပါ။ ‘ငါ့သားလည်းကောင်း၊ ငါ့မြေးလည်းကောင်း၊ ငါ့အဆွေလည်းကောင်း၊ သူတစ်ထူးလည်းကောင်း’လို့ လည်းကောင်း လေးကြိမ်ဆက်သုံးထားတာတွေ့ရပါတယ်။ အဲဒီကျောက်စာထဲမှာတော့ ပုဂံခေတ်ရေးထုံးနဲ့ ‘လည်ကောင်’ လို့ ရေးတာပေ့ါ။ နောက်တော့ ‘လည်ကောင်’၊ ‘လေကောင်’ လို့ရေးကြပါတယ်။ အသံထွက်ပြီး ဖတ်ရင်တော့ ‘လည်းကောင်း’၊ ‘လေးကောင်း’လို့ ဝစ္စပေါက်သံနဲ့ ဖတ်ရမှာပေ့ါ။ နောက်တော့ ‘လေး’ကို ဂဏန်း‘၄’ နဲ့ဖလှယ်ပြီး ‘ကောင်း’မှာပါတဲ့ ‘င်း’ နဲ့တွဲပြီး ‘၎င်း’လို့ အတိုကောက်ရေးရာက အသုံးတွင်လာတာပါပဲ”

“စိတ်ဝင်စားဖို့ကောင်းပါတယ် ဆရာ။ ဘယ်လိုသုံးတယ်ဆိုတာလဲ ရှင်းပြပါဦးဆရာ”။

“၎င်းကို တစ်လုံးတည်းသုံးတာလည်းရှိတယ်။ နှစ်လုံးယှဉ်ပြီး သုံးတာလည်းရှိတယ် မဟုတ်လား။ တစ်လုံးတည်းသုံးတာကတော့ နာမ်ကိုညွှန်းတဲ့ နာမ်စားအဖြစ်လည်းသုံးတယ်။ နာမ်ကိုအထူးပြုရည်ညွှန်းတဲ့ နာမဝိသေသန အဖြစ်လည်း သုံးတယ်”

“သာဓကလေးတွေနဲ့ ရှင်းပြပါလားဆရာ”

“ရှင်းပြပါမယ်။ ‘ရွာထိပ်တွင် ညောင်ပင်တစ်ပင်ရှိ၏’လို့ ရေးပြီး ‘၎င်း၏အနီးတွင် ရေတွင်းပျက်ကြီးရှိ၏’လို့ ဆက်ရေးရင် အဲဒီ ‘၎င်း’ဟာ ညောင်ပင်ဆိုတဲ့ နာမ်အစားသုံးတာမို့ နာမ်စားပေ့ါ။ ရှေ့ကနာမ်တစ်ခုခုကို ဖော်ပြပြီး ‘၎င်းက၊ ၎င်းတွင်၊ ၎င်းကို’ဆိုတာမျိုးတွေ နောက်ကဆက်သုံးရင် အဲဒီ ‘၎င်း’တွေဟာ ရှေ့က နာမ်အစားသုံးတဲ့ နာမ်စားတွေပါပဲ”

“နာမ်ကို ရည်ညွှန်းတဲ့ နာမဝိသေသနအဖြစ် သုံးတာကရော ဆရာ”

“ကျွန်တော်စာအုပ်တစ်အုပ်ဝယ်လာသည်။ ၎င်းစာအုပ်မှာ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ဖြစ်သည်’လို့ရေးရင် အဲဒီ ‘၎င်း’ဟာ ဝတ္ထုတိုဆိုတဲ့ နာမ်ကို ရည်ညွှန်းပြီး အထူးပြုတဲ့ နာမဝိသေသနပါပဲ။ ရှေ့ကဖော်ပြပြီးတဲ့ နာမ်တွေကို ရည်ညွှန်းပြီး ‘၎င်းမြို့၊ ၎င်းအိမ်၊ ၎င်းအကျီ’ ဆိုတာမျိုးတွေ သုံးနိုင်ပါတယ်”

“နားလည်ပါပြီဆရာ။ ၎င်း နှစ်လုံးယှဉ်သုံးတယ်ဆိုတာလည်း ရှင်းပြပါဦး ဆရာ”

“၎င်း နှစ်လုံး ယှဉ်သုံးတာကတော့ ‘အမေကို၎င်း၊ အဖေကို၎င်း ရိုသေရမည်’ဆိုတာမျိုးပေ့ါ”။ အနည်းဆုံးတော့ နှစ်လုံးယှဉ်သုံးပါတယ်။ ရာဇကုမာရ်ကျောက်စာထဲကလို နှစ်လုံးထက်ပိုပြီးတော့လည်း သုံးနိုင်တာပေ့ါ။ အဲဒီလိုယှဉ်သုံးတဲ့အခါ အရင်တုန်းကတော့ ‘၎င်း----၎င်း’ဆိုပြီး အတိုကောက်စာလုံးနဲ့လည်းရေးတယ်။ ‘---- လည်းကောင်း----လည်းကောင်း’ဆိုပြီး မူလစာလုံးအတိုင်းနဲ့လည်းရေးတယ်။ အဓိပ္ပာယ်ကတော့ အတူတူပါပဲ။

“မြန်မာစာအဖွဲ့က ပြုစုတဲ့ မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းမှာတော့ နာမ်စားအဖြစ်၊ နာမဝိသေသနအဖြစ်သုံးရင် ‘၎င်း’ဆိုတဲ့ အတိုကောက်စာလုံးကို သုံးဖို့၊ နာမ်တွေရဲ့ ဆက်စပ်မှုကို ပြတဲ့သမ္ဗန္ဓအဖြစ် နှစ်လုံးယှဉ်သုံးရင်တော့ ‘-----လည်းကောင်း----လည်းကောင်း’လို့ မူလစာလုံးအတိုင်း အပြည့်အစုံသုံးဖို့ ခွဲခြားသတ်မှတ်ထားပါတယ်။ လွယ်လွယ်ပြောရင်တော့ တစ်လုံးတည်းသုံးရင် ‘၎င်း’ကိုသုံးပြီး နှစ်လုံးယှဉ်သုံးရင် ‘လည်းကောင်း’ကို သုံးရတယ်လို့ ပြောနိုင်ပါတယ်”

“ဒါဆို တစ်လုံးတည်းသုံးရင် ‘လည်းကောင်းသည်’ ‘လည်းကောင်းမြို့’ ဆိုတာမျိုးမသုံးရဘူးပေ့ါနော် ဆရာ”။

“ဟုတ်ပါတယ်။ တချို့စာအုပ်တွေမှာ အဲဒီလိုမှားသုံးတာတွေ တွေ့ဖူးပါတယ်။ ရှေးကလည်း အဲဒီလိုသုံးတဲ့အစဉ်အလာ မရှိပါဘူး။ ‘၎င်းမြို့၊ ၎င်းကို’ဆိုတာမျိုးပဲ ‘၎င်း’နဲ့ သုံးပါတယ်။ နှစ်လုံး ယှဉ်သုံးရင်တော့ ‘အဖေကိုလည်းကောင်း၊ အမေကိုလည်းကောင်း’ ဆိုတာမျိုး ‘လည်းကောင်း’နဲ့ သုံးဖို့ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းမှာ ပြဋ္ဌာန်းထားပါတယ်”

“လည်းကောင်း’နဲ့ ‘သော်လည်းကောင်း’ရော အဓိပ္ပာယ်တူပါသလား ဆရာ”

“အဲ. . . ဟုတ်တယ်။ အဲဒီအသုံးနှစ်မျိုးကိုလည်း ကွဲကွဲပြားပြားသုံးဖို့လိုပါတယ်။ ‘လည်းကောင်း. . . လည်းကောင်း’က နှစ်ခုစလုံးလို့ အဓိပ္ပာယ်ရတယ်။ ‘သော်လည်းကောင်း. . . သော်လည်းကောင်း’ကတော့ တစ်ခုမဟုတ် တစ်ခုလို့ အဓိပ္ပာယ်ရတယ်။ ‘ကျွန်တော်သည် မန္တလေးသို့ လည်းကောင်း၊ ပုဂံသို့ လည်းကောင်းသွားမည်’ လို့ရေးရင် နှစ်နေရာစလုံး သွားမယ်ဆိုတဲ့အဓိပ္ပာယ်ပါ။ ‘မန္တလေးသို့ သော်လည်းကောင်း၊ ပုဂံသို့ သော်လည်းကောင်း သွားမည်’ လို့ရေးရင်တော့ အဲဒီနှစ်နေရာမှာ တစ်နေရာကိုပဲ သွားမယ်လို့ ဆိုလိုတာပါ။ တစ်နေရာကိုသွားရင် နောက်တစ်နေရာကို မသွားဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ”။

“ဟောပြောတာတို့၊ အသံလွှင့်တာတို့မှာ အဲဒီ ‘လည်းကောင်း’တို့ ‘သော်လည်းကောင်း’တို့ ထည့်ပြောတာတွေ မကြာခဏ ကြားရပါတယ်။ အဲဒီလိုပြောတာ တစ်ခုခုမှားနေသလို စိတ်ထဲက ခံစားရပါတယ်ဆရာ”

“အင်း ‘လည်းကောင်း’က စာသုံးစကားပါ။ ပုံမှန်ပြောတဲ့အပြောစကားတွေမှာ ‘လည်းကောင်း’ ထည့်ပြောလေ့မရှိပါဘူး၊ နှစ်ခုစလုံးကို ရည်ညွှန်းရင် ‘ဆရာရော ဆရာမရော’၊ ‘ဆရာရော ဆရာမပါ’ ဆိုတာမျိုး ပြောလေ့ရှိပါတယ်။ ‘ခင်ဗျားရယ် ကျွန်တော်ရယ်’ ဆိုတာမျိုးလည်း ပြောပါတယ်။ တစ်ခုမဟုတ် တစ်ခုကိုရည်ညွှန်းရင်တော့ ‘အဖေဖြစ်ဖြစ်၊ အမေဖြစ်ဖြစ်’ ဆိုတာမျိုး ပြောပါတယ်။ တချို့က ‘အဖေဖြစ်စေ အမေဖြစ်စေ’လို့ ပြောပါတယ်။ အဲဒါက စာသုံးထပ်တာပေ့ါ”

“ ဒီလိုဆိုရင် စာသုံးဖြစ်တဲ့ ‘လည်းကောင်း. . . လည်းကောင်း’ဟာ အပြောစကားမှာ ‘ရော. . . ရော’၊ ‘ရော. . . ပါ’၊ ‘ရယ်. . ရယ်’ ဆိုတာတွေနဲ့ အသုံးတူတာပေ့ါနော်။ ‘သော်လည်းကောင်း . . . သော်လည်းကောင်း’က လည်း အပြောစကားမှာ ‘ ဖြစ်. . . ဖြစ်’ နဲ့ အသုံးတူတာပေ့ါ”

“ဟုတ်ပါတယ်။ အပြောစကားထဲမှာ‘လည်းကောင်း’တွေ၊ ‘သော်လည်းကောင်း’တွေထည့်ပြောရင် အပြောစကားမပီသတော့ဘူးပေ့ါ။ စာစကားတွေ ရောနေတာမို့ စကားထောင့်တာပေ့ါ။ အသံလွှင့်ချက်တွေမှာ အပြောစကားနဲ့ အသံလွှင့်ရင်း တစ်နေရာမှာ ‘လည်းကောင်း’လို့ အစချီလိုက်ပြီး စကားနည်းနည်း ရှည်သွားတော့ နောက်ထပ်‘လည်းကောင်း’ တစ်လုံးနဲ့ ပြန်ပိတ်ဖို့မေ့သွားတဲ့အတွက် ရှေ့က‘လည်းကောင်း’တစ်လုံးတည်း ငုတ်တုတ်ကြီးကျန်နေတာမျိုး မကြာခဏ ကြားရတတ်ပါတယ်”။ ။

‘လည်းကောင်း… လည်းကောင်း’က နှစ်ခုစလုံးလို့ အဓိပ္ပာယ်ရတယ်။ ‘သော်လည်းကောင်း… သော်လည်းကောင်း’ကတော့ တစ်ခုမဟုတ် တစ်ခုလို့ အဓိပ္ပာယ်ရတယ်။ ‘ကျွန်တော်သည် မန္တလေးသို့ လည်းကောင်း၊ ပုဂံသို့ လည်းကောင်း သွားမည်’လို့ရေးရင် နှစ်နေရာစလုံး သွားမယ်ဆိုတဲ့အဓိပ္ပာယ်ပါ။ ‘မန္တလေးသို့သော်လည်းကောင်း၊ ပုဂံသို့သော်လည်းကောင်း သွားမည်’ လို့ရေးရင်တော့ အဲဒီနှစ်နေရာမှာ တစ်နေရာကိုပဲ သွားမယ်လို့ ဆိုလိုတာပါ။ တစ်နေရာကိုသွားရင် နောက်တစ်နေရာကို မသွားဘူးဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရားသက်တမ်းတော် ၁၀၉ နှစ်ရောက် မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၆ ရက်က ဘုရားကြီးရင်ပြင်တော်ပေါ်၌ကျင်းပရာ ကိုးထပ်ကြီးဘုရား၏ အရိပ်တော်အောက်ရှိ သာသနာ့ပြုအဖွဲ့က ဝေယျာဝစ္စကုသိုလ်အဖြစ် အလှူငွေကျပ် သိန်း ၃၀ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့နာယက ဦးသန်း၊ ဦးအောင်သိန်း(စီမံ/ဘဏ္ဍာ) နှင့် တာဝန်ရှိသူများက လက်ခံယူကြစဉ်။ (ဝ၄၂)

နတ်မောက်မြို့နယ် လက်ခုပ်ပင်ဘူတာတွင် စာပို့ရထားများ ရပ်နားပေး၍ ခရီးသည်များဝမ်းသာ

နတ်မောက် ဩဂုတ် ၁၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် န/လက်ခုပ်ပင်ဘူတာတွင် ယခင်က အမှတ် ၁၀၁၊ ၁၀၂ စာပို့ရထားများ ရပ်နားပေးခြင်းမရှိသော်လည်း ဇူလိုင် ၁ ရက်က စတင်၍ စာပို့ရထားများ ပြန်လည်ရပ်နားပေးခဲ့သည်။ အမှတ် ၁၀၁၊ ၁၀၂ စာပို့ရထားများ ရပ်နားပေးသဖြင့် ရထားစီးနင်းသည့် ခရီးသည်များတိုးတက်လာခဲ့ရာ ဇူလိုင် ၁ ရက် မှ ၃၁ ရက်အထိ အမှတ် ၁၀၁ အဆန်ရထားတွင် စီးနင်းသူခရီးသည် ၁၅၅ ဦး ဝင်ငွေကျပ် ၃၅၃၀၀၊ အမှတ် ၁၀၂ အစုန်ရထားတွင် ခရီးသည် ၃၂၄ ဦးရှိပြီး ဝင်ငွေကျပ် ၁၂၃၃၀၀ စုစုပေါင်း ခရီးသည် ၄၇၉ ဦး ဝင်ငွေကျပ် ၁၅၈၆၀၀ ရရှိကြောင်း သက်ဆိုင်ရာမှ စုံစမ်းသိရှိရသည်။

စာပို့ရထားများရပ်နားပေးမှုကြောင့် ဒေသခံပြည်သူများနှင့် ခရီးသည်များ ခရီးသွားလာမှုအဆင်ပြေကြသဖြင့် မြန်မာ့မီးရထား၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းကို ဝမ်းမြောက်ဝမ်းသာကြိုဆိုကြပါကြောင်းဖြင့် ခရီးသည်များက ပြောကြားသည်။ (၁၂၇)

အမှုထမ်းပေါင်းစုံ ငွေစုငွေချေးသမအသင်းစည်းဝေး

ခန္တီး ဩဂုတ် ၁၇

အမှုထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်း (လီမိတက်) ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် ပြုလုပ်သော နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက ခန္တီးမြို့ မြို့နယ်သမဝါယမဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ဦးစောဝင်းကြည်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစောလှဝင်းတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အမှုဆောင် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို အဖွဲ့ဝင် ဒေါ်ပြုံးပြုံးက လည်းကောင်း၊ စာရင်းစစ်ဆေးချက်နှင့် အမြတ်ခွဲဝေမှုစာရင်းကို အဖွဲ့ဝင်ဦးဇော်ဝင်းမောင်က လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ၂၀၁၂ - ၂၀၁၃ တက္ကသိုလ်ဝင် စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများကို သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက ချီးမြှင့်သည့် ဂုဏ်ပြုဆုလက်မှတ်ကို ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးကို ဒေါ်ပြုံးပြုံး (စာရေးကြီး)က ချီးမြှင့်ကြောင်း သိရသည်။ **ချန်လော**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဆင့်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၇

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ မြို့နယ်အဆင့်ဖွင့်ပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၁၁ နာရီက ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မော်မော်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန္ဒာလှိုင်က မိခင်နို့တိုက်ကျွေးရေးနှင့် ကိုယ်ဝန်ဆောင်သည်များ မမွေးဖွားမီ၊ မွေးဖွားပြီး လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကလေးငယ်များအား ဗီတာမင်အေတိုက်ကျွေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ကိုယ်ဝန်ဆောင် မိခင်များအတွက် အာဟာရပစ္စည်းများပါဝင်သည့် လက်ဆောင်ခြင်းများ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်သီတာကြိုင်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

စွမ်းအင်ကဏ္ဍဆိုင်ရာ ဆွေးနွေးမည်

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မလေးရှားနိုင်ငံ Comfexhub Sdn.Bhd တို့ပူးပေါင်း၍ Myanmar Energy Investment Summit 2013 ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ စက်တင်ဘာ ၃ ရက် မှ ၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတကာမှစွမ်းအင်ကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စိတ်ဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ အမှုဆောင်အရာရှိချုပ်များ၊ အတိုင်ပင်ခံကုမ္ပဏီများ၊ သုတေသီများက စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးအတွက် တက်ရောက်ကြမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် စွမ်းအင်ဆိုင်ရာ ကဏ္ဍများ၊ စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍကိုဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူရ**

အခမဲ့ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်

ကျိုင်းတုံ ဩဂုတ် ၁၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့သစ်၌ ဩဂုတ် ၁၆ ရက် နံနက်က အမှတ်(၃) တပ်မတော်ဆေးရုံ (ခုတင်-၃၀၀)မှ ဗိုလ်မှူးကြီး သိန်းဇော်ဦးစီး၍ ပါရဂူအရာရှိများနှင့် အကြပ် ၁၅ဦးတို့သည် ကျိုင်းလတ်မြို့သစ်၊ ရဲဘော်ဟောင်းမြို့သစ်၊ မြို့သစ်(၁)တို့တွင် ယင်းနေ့ မွန်းလွဲပိုင်းတွင် ချယ်ရီလမ်းသွယ်ရှိ ဦးစိုင်းလုံးတစ် နေအိမ်၌ အခမဲ့ကွင်းဆင်းဆေးကုသပေးမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါ ဆေးကုသမှုတွင် တိုင်းရင်းသားပြည်သူ ၁၄၉ ဦးကို အခမဲ့ဆေးကုသပေးခဲ့ပြီး ရပ်ကွက်အတွင်း၌ ခြင်ဆေးဖျန်းပေးခြင်း၊ သုံးရေများတွင် ဝမ်းလျှော ဝမ်းပျက်ရောဂါကာကွယ်ဆေးများဖျန်းပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်မောင်နိုင်(ကျိုင်းတုံ)

● *ကျောဖုံးမှ*

ရှေးဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုဆိုရင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကဏ္ဍများတွင် ပါဝင်ကူညီရန်အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် UNDP တို့အကြား Country Programme Action Plan (2013-2015) အား မဏ္ဍိုင်သုံးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၁၃ ခုနှစ် ဧပြီ ၈ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း။

ဤမဏ္ဍိုင်သုံးရပ်အနက် ပထမမဏ္ဍိုင်၏ ရလဒ်တစ်ခုဖြစ်သည့် "ဒေသဖွံ့ဖြိုးမှု စီမံကိန်းရေးဆွဲခြင်း၊ ထိရောက်မြန်ဆန်သည့် ပြည်သူ့ဝန်ဆောင်မှုပေးခြင်းနှင့် ပဋိပက္ခကြိုတင်တားဆီးရေးအတွက် ဒေသဆိုင်ရာ စွမ်းရည်နှင့် စီမံခန့်ခွဲမှုတိုးတက်လာစေခြင်း" တို့နှင့် ပတ်သက်သည့် Good Local Governance and People Centered Services Workshop ကို လက်ခံကျင်းပရခြင်းဖြစ်ပါကြောင်း။

ယခုနိုင်ငံတော်အဆင့် အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ဒေသန္တရအုပ်ချုပ်ရေး အကဲဖြတ်ချက်များသည် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စုအဆင့်အထိ အုပ်ချုပ်ရေးကဏ္ဍအဆင့်ဆင့်တွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အခြေခံပြုကျင့်သုံးသွားနိုင်မည့် ရလဒ်ကောင်းများအဖြစ် ရရှိနိုင်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးကြမည့် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ အဖွဲ့အစည်းအသီးသီးမှ တက်ရောက်လာသည့် ကိုယ်စားလှယ်များအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆွေးနွေးပေးကြပါရန် ပြောကြားသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိုင်ငံတော်၏ အုပ်ချုပ်ရေးစနစ်နှင့် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များသည် မည်သည့်အစိုးရမဆို အစဉ်အမြဲဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း၊ ကောင်းမွန်သည့်ဒေသဆိုင်ရာ အုပ်ချုပ်မှုစနစ်နှင့် လူထုဗဟိုပြု ဝန်ဆောင်မှုများပြည့်ဝအောင် ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့်သာ "ဂရုတစိုက်နှင့် မျှဝေခံစားမှုရှိသည့် လူ့အဖွဲ့အစည်း " ကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ကြွရောက်လာကြသည့်ပညာရှင်များ၊ ကိုယ်စားလှယ်များအနေဖြင့် ကောင်းမွန်သည့်ဒေသဆိုင်ရာ အုပ်ချုပ်မှုစနစ်နှင့် လူထုဗဟိုပြုဝန်ဆောင်မှုများ၊ ပံ့ပိုးမှုများ ပြည့်ဝအောင် ဆောင်ရွက်ရေးအတွက် လိုအပ်သည့်အတွေးအခေါ်၊ အကြံဉာဏ်များပေါ်ထွက် ဆွေးနွေးနိုင်ပြီး ရလဒ်ကောင်းများ ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲကို ကျင်းပရာ ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Toily Kurbanov **(ယာပုံ)**က ကုလသမဂ္ဂမှ ပံ့ပိုးကူညီသွားမည့် ဒေသန္တရအုပ်ချုပ်ရေးနှင့် ပြည်သူဗဟိုပြုဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို လည်းကောင်း၊ နယူးယောက်တက္ကသိုလ်၊ ပြည်သူ့အုပ်ချုပ်ရေးဆိုင်ရာ ဝက်ဂနာကျောင်းမှ Mr. Scott A. Fritzen က အရှေ့တောင်အာရှဒေသတွင်းမှ ကောင်းမွန်သော ဒေသန္တရအုပ်ချုပ်ရေးစနစ်နှင့် ထိရောက်သော ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အရှေ့တောင်အာရှအတွင်းမှ ဒေသန္တရအစိုးရအုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံများတင်ပြခြင်းအစီအစဉ်တွင် အင်ဒိုနီးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် Dr. I Made Suwandi က အုပ်ချုပ်ရေးနှင့် ပြည်သူရေးရာကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဒေသန္တရအဆင့် ဒီမိုကရေစီဖွံ့ဖြိုးမှုဆိုင်ရာ အမျိုးသားကော်မတီအကြံပေးအရာရှိ Mr. Min Muny က စီမံကိန်းရေးဆွဲခြင်းနှင့်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဆိုင်ရာများကို လည်းကောင်း၊ အရှေ့တောင်အာရှဒေသအတွင်းမှ အုပ်ချုပ်ရေးစနစ် ဆန်းစစ်လေ့လာမှုနမူနာများကို လေ့လာတင်ပြခြင်း အစီအစဉ်တွင် နော်ဝေနိုင်ငံ၊ UNDP Oslo Governance Centre မှ Mr. JohnSamuel က ကောင်းမွန်သော ဒေသန္တရအဆင့် အုပ်ချုပ်မှုအတွက် အုပ်ချုပ်မှုလုပ်ငန်းများ ဆန်းစစ်လေ့လာခြင်း၏ အသုံးဝင်ပုံကို လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ ရပ်ရွာလူထုအထောက်အပံ့နှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ လေ့လာရေးဌာနမှ Dr. Hoang-Giang Dang က ဗီယက်နမ်နိုင်ငံ ပြည်သူ့အုပ်ချုပ်ရေးဆောင်ရွက်ချက်များဆိုင်ရာ အညွှန်းကိန်းလေ့လာချက်စာတမ်းကိုလည်းကောင်း၊ UNDP မှ ဒေသန္တရအဆင့်အုပ်ချုပ်မှုစနစ်ဆိုင်ရာ လေ့လာခြင်းကျွမ်းကျင်သူ Mr. Paul Van Hoof က မြန်မာနိုင်ငံ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်အဆင့်များအတွက် ကောင်းမွန်သည့် လုပ်ငန်းများ ဆောင်ရွက်ရာ၌ လိုအပ်သည့်စွမ်းဆောင်ရည်များကို လေ့လာရာတွင် အဆိုပြုလိုသည့် နည်းလမ်းများကိုလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် နံနက်ပိုင်းက ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို အဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးကာ ရရှိသည့်အကြံပြုချက်များကို စုံညီအဖွဲ့တွင် ပြန်လည်ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပုသိမ်မြို့သာသနာ့အကျိုးဆောင်အဖွဲ့သို့ မော်တော်ယာဉ်လှူဒါန်း

ပုသိမ် ဩဂုတ် ၁၇

ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်အရှေ့မုခ်စေတီယင်္ဂဏ မြေပေါ်ရှိ ဝိသာခါ(ဒေါ်လှယဉ်)ခန်းမ၌ နှစ်စဉ်မပျက် ပုသိမ်မြို့နယ်လုံးကျွတ် သံဃာအပါး ၃၀၀၀ ကျော်တို့အား ဝါတွင်းကာလ အရုဏ်ဆွမ်းလောင်းလှူခြင်း၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ၊ စူဠဂန္ထဝင်နှင့် သဘင်အခမ်းအနားများနှင့် သာသနာတော်ဆိုင်ရာ အခမ်းအနားများတွင် ဆရာတော်၊ မထေရ်ကြီးများ မပင်မပန်းကြွရောက်နိုင်ရန် ရည်သန်၍ ပင့်ဆောင်ကြို၊ ပို့ မော်တော်ယာဉ် (Alphard) တစ်စီးကို **(အပေါ်ပုံ)** ရန်ကုန်မြို့နေ သီရိပုံ့ချိ ဦးမောင်မောင်ဆွေ (ဥက္ကဋ္ဌလူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ပြည်သူ့လွှတ်တော်)နှင့်ဇနီး ဒေါ်တင်တင်နွဲ့၊ သား ကိုစည်သူထင်ကျော်၊ သမီး မအိသက်သက်ဆွေ၊ သား ဒေါက်တာ ကောင်းကျော်ဆွေ၊ သမီး မမေနှင်းနုမိသားစုက ပုသိမ်မြို့နယ်လုံးဆိုင်ရာ သာသနာ့အကျိုးဆောင်အဖွဲ့သို့ သံဃိကဒါနအဖြစ် ဩဂုတ် ၁၁ရက် နံနက် ၉ နာရီတွင် နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် ကုန်းသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိလာသ အရှင်မြတ်အမှူးပြုသော ဂိုဏ်းပေါင်းစုံမှ ဆရာတော်ကြီးကိုးပါးထံမှောက်တွင် ရေစက်ချလှူဒါန်းသည်။

ပုသိမ်လှကြည်

✳ *ကျောဖုံးမှ*

အထောက်အကူပြုယာဉ်လေးစီး၊ သန္တေ့ါအရန်မီးသတ်အင်အား ၄၀၀ ကျော်တို့က ရေဂါလန်ပေါင်း တစ်သိန်းကျော်အသုံးပြု၍ ငြိမ်းသတ်ပေးခဲ့ရသည်ဟု မီးသတ်အသိုင်းအဝိုင်းမှ သိရသည်။ မီးလောင်မှုကို နံနက် ၀၀ နာရီ မိနစ် ၄၀ တွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၀၀ နာရီ မိနစ် ၅၀တွင် အပြီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် အိမ်ရှင်ဖြစ်သူ ဦးခင်အောင်အား မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

မီးဘေးဒုက္ခသည်များအား မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ဝေဇယန္တာလမ်းရှိ သံဃာ့တက္ကသိုလ်တွင် ကယ်ဆယ်ရေးစခန်းဖွင့် အကူအညီပေးထားသည်။

ပရီမီယာလိဂ် ကန့်လန့်ကာအဖွင့် လီဗာပူးတို့ အိမ်ကွင်း၌တာထွက်ကောင်း

လန်ဒန် ဩဂုတ် ၁၇

အင်္ဂလိပ် ပရီမီယာလိဂ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ရာ လီဗာပူးတို့ ပွဲဦးထွက်တာထွက်ကောင်းသွားပြီဖြစ်သည်။

လီဗာပူးက အိမ်ကွင်းတွင်စတုတ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားပြီး ရမှတ်သုံးမှတ်ကို ရယူလိုက်သည်။ လီဗာပူးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို စတာရစ်က ပွဲချိန် ၃၇ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် အိမ်ရှင်အသင်းပီပီ ပွဲစသည်နှင့် စတုတ်ကို ဖိကစားနိုင်ခဲ့သည်။ စတုတ်တို့ ဂိုးမပေးရရေးအကောင်းဆုံးပိတ်ဆို့ကစားခဲ့သော်လည်း အမှတ်မထင် စတာရစ်၏ ကန်သွင်းမှုကြောင့် ဂိုးရရှိခဲ့သည်။

စတုတ်တို့ ချေပဂိုးပြန်လည်ရရှိရေး ဒုတိယပိုင်းတွင် တန်ပြန်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲပြီးရန် တစ်မိနစ်အလိုတွင် စတုတ်တို့ ပယ်နယ်တီကန်ခွင့်ရခဲ့သည်။ ၎င်းပယ်နယ်တီကို ဂျိုနသန်ဝေါလ်တာက ကန်သွင်းယူရာ ဂိုးမဝင်ဘဲ လွဲချော်သွားခဲ့သည်။ စတုတ်တို့ပွဲပြီးရန် တစ်မိနစ်အလို ပယ်နယ်တီကန်ခွင့်ရခဲ့သော်လည်း အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်သဖြင့် အကောင်းဆုံး အခွင့်အရေးနှင့် လွဲချော်သွားခဲ့ပြီး ပွဲဦးထွက်အရှုံးနှင့် ရင်ဆိုင်လိုက်ရသည်။ **အာကာကျော်-ရေးသည်**

ပရီမီယာလိဂ်ပွဲစဉ် (၁) အနိုင်အရှုံး

အာဆင်နယ်	၁ - ၃	အက်စ်တွန်ဗီလာ
နော့ဝှစ်ချ်	၂ - ၂	အဲဗာတန်
ဆန်းဒါးလန်း	၀ - ၁	ဖူလ်ဟမ်
ဝက်စ်ဘရွန်း	၀ - ၁	ဆောက်သမ်တန်
ဝက်စ်ဟမ်း	၂ - ၀	ကာဒစ်

ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၂) အနိုင်အရှုံး

စတုဂတ်	၀ - ၁	လေဗာကူဆင်
ဝုလ်ဘတ်	၄ - ၀	ရှော်လ်ကေး
ဝါဒါဘရီမင်	၁ - ၀	အော့စ်ဘတ်
ဖရိုင်းဘတ်	၁ - ၂	မိန့်ဇ်
ဟမ်းဘတ်	၁ - ၅	ဟော်ဖန်ဟိမ်း
ဖရန့်ဖတ်	၀ - ၁	ဘိုင်ယန်မြူးနစ်

၁၀ လကြာ မဖော်ထုတ်နိုင်ခဲ့သည့် တောင်တွင်းကြီးမြို့က လူသတ်လုယက်မှု မကွေးခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့က ဖော်ထုတ်

တောင်တွင်းကြီး ဩဂုတ် ၁၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စစ်တာအုပ်စု မြို့ကိုင်းကျေးရွာအနောက်ဘက် နှစ်ဖာလုံခန့်အကွာ လှည်းလမ်းဘေးတွင် အမျိုးသမီးတစ်ဦး မြို့မှဈေးဝယ်ပြီးရွာသို့အပြန် နေ့ခင်းကြောင်တောင် လှည်းလမ်းပေါ်တွင် ရက်စက်စွာလုယက်အသတ်ခံရမှုကြီးကို မကွေးခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ငြိမ်း ကွင်းဆင်းကြီးကြပ်ကွပ်ကဲ၍ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

စစ်ဆေးတွေ့ရှိခဲ့

ဖြစ်စဉ်မှာ ၂၂-၁၀-၂၀၁၂ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်က တောင်တွင်းကြီးမြို့နယ် ဆတ်သွားရဲစခန်း၏တောင်ဘက် လေးမိုင်ခန့်အကွာ စစ်တာအုပ်စု မြို့ကိုင်းကျေးရွာအနောက်ဘက် နှစ်ဖာလုံခန့်အကွာ လှည်းလမ်းပေါ်တွင် အမျိုးသမီးတစ်ဦး လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးနေကြောင်း၊ မြို့ကိုင်းကျေးရွာ ရွာခွဲတာဝန်ခံ ဦးတင်မြင့်က ရဲစခန်းသို့ ဖုန်းဖြင့် သတင်းပေးပို့ခဲ့ရာ သတင်းရလျှင်ရချင်း ဆတ်သွားရဲစခန်းမှ ရဲအုပ်စခန်းမှူး ထွန်းထွန်းအောင်သည် အခင်းဖြစ်အရပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူ မဌေးဌေး (၄၀ နှစ်) ကျောင်းဈေးရောင်း ငှက်ပျောတောကျေးရွာနေသူဖြစ်ကြောင်းသိရပြီး လည်ပင်းယာဘက်ခြမ်း အရိုးထိ ပြတ်ရှဒဏ်ရာ တစ်ချက်၊ မေးစေ့အောက်ပြတ်ရှဒဏ်ရာတစ်ချက်၊ ဝဲယာနားအောက်ပြတ်ရှဒဏ်ရာများဖြင့် လှည်းလမ်းဝဲဘက်ဘေးအနီး မြက်ခင်းပေါ်တွင် မြောက်ဘက်ခေါင်းပြုလျက် အရှေ့ဘက်သို့မျက်နှာမူကာ တစောင်းလှဲအနေအထားဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသည်။

ပြောင်းလဲစစ်ဆေး

ယင်းဖြစ်စဉ်ကို ဆတ်သွားရဲစခန်းမှု(ပ) ၁၅၇/၂၀၁၂ ပြစ်မှုပုဒ်မ-၃၀၂ဖြင့် အမှုဖွင့်ပြီးစစ်ဆေးဆောင်ရွက်ခဲ့ရာ သေဆုံးသူမဌေးဌေးပိုင် လက်စွပ်နှစ်ကွင်းနှင့် နားကပ်တစ်ရန် စုစုပေါင်းငွေကျပ် ၁၅၀၀၀၀ ခန့် ရွှေထည်ပစ္စည်းများပါဆုံးသွားကြောင်း ဆက်လက်စုံစမ်းသိရှိရသဖြင့် ယခင်ဖွင့်လှစ်ထားသောပြစ်မှုပုဒ်မ-၃၀၂ မှ ပြောင်းလဲ၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂/၃၉၂ တို့ဖြင့် ပြောင်းလဲစစ်ဆေးခဲ့သည်။

အမှုစစ်အဖွဲ့မှ သတင်းထိုးဖောက်စုံစမ်းအတည်ပြုခဲ့ရာ အမှုဖြင့် မသင်္ကာသူ နိုင်လင်း (၂၉ နှစ်)မင်းကွင်းကျေးရွာ စစ်တာအုပ်စုနေသူကို ဩဂုတ် ၁၄ရက် ညနေ ၅ နာရီတွင် လူသတ်မှု၊ လုယက်မှုဖြင့် ဖမ်းဆီးစစ်ဆေးရာ နောက်တစ်နေ့ ဩဂုတ် ၁၅ ရက်တွင် နိုင်လင်းက ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

ပြန်လည်သိမ်းဆည်းရမိ

ထို့နောက် သေဆုံးသူ မဌေးဌေး၏ နားမှလှီးဖြတ်ယူထားသော နားကပ်တစ်ရန်ကို ဆတ်သွားရဲစခန်းပိုင် စစ်တာကျေးရွာအုပ်စု မင်းကွင်းကျေးရွာ သင်္ချိုင်းတွင်မြှုပ်နှံထားကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ပြစ်မှုကျူးလွန်သူအား ခေါ်ဆောင်လျက် သက်သေများနှင့်အတူ သွားရောက်ရှာဖွေခဲ့ရာ မတွေ့ရှိရသဖြင့် ပြစ်မှုကျူးလွန်သူ၏ဇနီး မဝင်းဝင်းမြကို ခေါ်ယူတိုက်ဆိုင်စစ်ဆေးခဲ့ရာ ပြစ်မှုကျူးလွန်သူ၏ နေအိမ်ဖြစ်သော မင်းကွင်းကျေးရွာ နေအိမ်မှသက်သေခံပစ္စည်း နားကပ်တစ်ရန်အပါအဝင် ဆုံလက်စွပ်နှစ်ကွင်းမှ တစ်ကွင်းကို ရှာဖွေသိမ်းဆည်းနိုင်ခဲ့ပြီး အခင်းဖြစ်စဉ် နိုင်လင်းဝတ်ဆင်ခဲ့သော ပုဆိုး၊ အင်္ကျီနှင့်ဓားတို့တွင် လူသွေးတွေ့ရှိကြောင်း၊ ဓာတုဗေဒထင်မြင်ချက်၊ အခင်းဖြစ်စဉ်က အခင်းဖြစ်နေရာတွင် နိုင်လင်းရှိနေကြောင်း သက်သေထွက်ဆိုချက်နှင့် အခင်းဖြစ်စဉ် ပါဆုံးသွားသော သက်သေခံပစ္စည်းများကို ပြစ်မှုကျူးလွန်သူထံမှ ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်ဆောင်ရွက်လျက်ရှိ

ဆက်လက်၍ သက်သေခံပစ္စည်းများကို သိမ်းဆည်းသိုဝှက်လျက် မမှန်မကန်ထွက်ဆိုခဲ့သော နိုင်လင်း၏ဇနီး မဝင်းဝင်းမြ (၂၇ နှစ်) မင်းကွင်းကျေးရွာ စစ်တာအုပ်စုနေသူအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀၁ ဖြင့် ဆက်လက်တရားစွဲဆိုနိုင်ရေးနှင့် ကျန်လက်စွပ်တစ်ကွင်းသိမ်းဆည်းရမိနိုင်ရေးအတွက် ဆက်လက်စစ်ဆေးလျက်ရှိပြီး ပြစ်မှုကျူးလွန်သူ နိုင်လင်း (၂၉ နှစ်)နှင့် ၎င်း၏ဇနီး မဝင်းဝင်းမြ (၂၇ နှစ်) တို့အား ဆတ်သွားရဲစခန်းက (ပ)၁၅၇/၂၀၁၂ ပြစ်မှုပုဒ်မ ၃၀၂/၃၉၂/၂၀၁ ဖြင့် သက်ဆိုင်ရာတရားရုံးသို့ အမြန်ဆုံးတရားစွဲတင်ပို့နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ဟသ်ာ(တောင်တွင်းကြီး)

ပြည်တွင်းသတင်း

မြန်မာနှင့် စင်ကာပူ ကွန်ပျူတာလုပ်ငန်းရှင်များ တွေ့ဆုံ

ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ မြန်မာနိုင်ငံမှ ကွန်ပျူတာလုပ်ငန်းရှင်များနှင့် စင်ကာပူနိုင်ငံမှ ကွန်ပျူတာ လုပ် ငန်း ရှင် များ တွေ့ဆုံမိတ်ဆက်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် သြဂုတ် ၁၇

မြန်မာနိုင်ငံမှ ကွန်ပျူတာလုပ်ငန်းရှင်များနှင့် စင်ကာပူနိုင်ငံမှ ကွန်ပျူတာလုပ်ငန်းရှင်များတွေ့ဆုံပွဲကို ယမန်နေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက Lithan University အနေဖြင့် မြန်မာနိုင်ငံ၌ တက္ကသိုလ်နှင့် ကောလိပ်ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေသည်ကို သိရှိရကြောင်း၊ ၎င်းတို့၏ပညာရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် နည်းပညာဆိုင်ရာ စွန့်ဦးတီထွင်သူများအား အကူအညီပေးသွားရေးနှင့် SAP, EAP Application ရေးဆွဲရေးကဏ္ဍများ ပါဝင်ကြောင်း၊ အဆိုပါကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံမှ လူငယ်များ အဆင့်မြင့်နည်းပညာများစွာရရှိနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆုမွန်ကောင်းတောင်း

ထို့နောက် Myanmar National League 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ သုံးနှစ်ဆက်တိုက် ချန်ပီယံ ရန်ကုန်ယူနိုက်တက် FC အသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညှိနှိုင်းခံဆောင်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု Yangon United FCဘောလုံးအသင်းသည် (၂၀၁၁) ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၃ ခုနှစ်များတွင် အမှတ်ပေးချန်ပီယံဆုများကို ဆက်တိုက်ရရှိခဲ့ကြောင်း၊ မြန်မာနေရှင်နယ်လိဂ် သမိုင်းကြောင်း၌ တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ဖူးသော သုံးနှစ်ဆက်တိုက်ဆိုသည့် ချန်ပီယံ ဂုဏ်ထူးဝိသေသတစ်ခုကို မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့သည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဘောလုံးချစ်ပရိသတ်များပါ ဂုဏ်ယူဝမ်းမြောက်ကြပါကြောင်း၊ သုံးနှစ်ဆက်တိုက်ဆုဖလားကို တိုင်းဒေသကြီးအတွက် ရယူပေးခဲ့သည့် အသင်းပိုင်ရှင်၊ အသင်းဥက္ကဋ္ဌ၊ အားကစားသမားများနှင့် တာဝန်ရှိသူများအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် နောင်လာမည့်နှစ်များတွင်လည်း မြန်မာနေရှင်နယ်လိဂ်၏ အမှတ်ပေးချန်ပီယံဆုဖလားကြီးကို ဆက်လက်ဆွတ်ခူးနိုင်စေရန် ဆုမွန်ကောင်းတောင်းပါသည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သြဂုတ် ၁၇ ရက်က အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှိခံပွဲ အခမ်းအနားတက်ရောက်လာသော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့်ဇနီးတို့က ကုန်သည်ကြီးများဟိုတယ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)တည်ဆောက်မည့်မြေနေရာ ဒုတိယဝန်ကြီး ဦးသောင်းထိုက် ကြည့်ရှုစစ်ဆေး

နေပြည်တော် သြဂုတ် ၁၇

မြန်မာ့အားကစား အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် တာဝန်ရှိသူများနှင့်အတူ သြဂုတ် ၁၅ ရက် နံနက် ၉ နာရီက အားကစားနှင့် ကာယပညာသိပ္ပံ(မော်လမြိုင်) တည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အားကစား ဝန်ကြီးသည် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းများမှ ထူးချွန်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက်အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)နှင့် (မန္တလေး) အပြင်အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)နှင့် အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး)ကိုပါ တိုးချဲ့တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ အဆောက်အအုံများ သတ်မှတ်ကာလအတွင်း အချိန်မီတည်ဆောက်ပြီးစီးရေး မွန်ပြည်နယ်အစိုးရအဖွဲ့မှ အနီးကပ်ကြီးကြပ်ကူညီဆောင်ရွက်ပေးသွားနိုင်ရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ *ရှေ့ဖုံးမှ*

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သြဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြင်ဦးလွင်တပ်နယ်မှ အရာရှိများနှင့် သင်တန်းသားအရာရှိများအား တွေ့ဆုံစဉ် မှာကြားခဲ့သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်တက္ကသိုလ်ရှိ သီရိဆောင်၌ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးက စာပေ၊ လေ့ကျင့်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာများအား ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်တပ်နယ်ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်း လူနာထမင်းစားဆောင် ဆောက်လုပ်ပြီးစီးမှုနှင့်လူနေအဆောက်အအုံများ ဆောက်လုပ်ရန် လျာထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကျိုးကျေးဇူးများစွာပါ မုန်လာဥနီစားစရာ

အရသာလည်းကောင်း ကျန်းမာရေးနဲ့လည်း ညီညွတ်တဲ့သဘာဝအစားအစာတွေထဲမှာ မုန်လာဥနီကလည်း တစ်ခုအပါအဝင်ပါပဲ။ မုန်လာဥနီကို ချက်ပဲစားစား၊ အစိမ်းပဲစားစား ကိုယ်နှစ်သက်သလို စားသုံးနိုင်ပါတယ်။ မုန်လာဥနီဖျော်ရည်လည်း သောက်သုံးနိုင်ပါသေးတယ်။ ကင်ဆာရောဂါကို ကာကွယ်နိုင်တဲ့ အစားအစာတွေထဲမှာ မုန်လာဥနီက တစ်ခုအပါအဝင်ပါပဲ။

မုန်လာဥနီဟာ ဘာကြောင့် ကျန်းမာစေတာလဲဆိုရင် ၎င်းမှာ ဗီတာမင် အေ၊ စီ၊ ဒီ၊ အီးနဲ့ ဗီတာမင်ကေတို့အပြင် ဗီတာမင် B_1၊ B_2၊ B_6 တို့ မြောက်မြားစွာ ပါဝင်နေလို့ပါပဲ။ ထို့ပြင် အမျှင်ဓာတ်၊ ဆိုဒီယမ်ဓာတ်၊ ပိုတက်စီယမ်ဓာတ်၊ သိုင်ယာမင်းဓာတ်၊ ဖိုလိတ်နဲ့ဘိုင်အိုတင်စတဲ့အာဟာရဓာတ်တွေလည်း များပြားစွာ ပါဝင်နေပါသေးတယ်။

မုန်လာဥနီ ပုံမှန်စားသုံးပေးခြင်းကြောင့် သွေးတွင်းမကောင်းတဲ့ ကိုလက်စထရောအဆင့်ကို လျော့ကျစေပြီး နှလုံးရောဂါဝေဒနာမဖြစ်ပွားအောင် ကာကွယ်ပေးနိုင်ပါတယ်။ သွေးဖိအားကို လျော့ကျစေတဲ့အပြင် သွေးတွင်းသကြားဓာတ်ကိုလည်း လျှော့ချပေးနိုင်တဲ့ ဂုဏ်သတ္တိရှိပါတယ်။ အဆုတ်ကင်ဆာ အပါအဝင် ကင်ဆာရောဂါအမျိုးမျိုးရဲ့ ဖြစ်နိုင်ခြေကို လျော့ကျစေပါတယ်။ မုန်လာဥနီကို အစိမ်းလိုက် စားသုံးပေးပါက ရင်သားကင်ဆာဖြစ်ပွားမှုကို ပိုမိုဟန့်တား ကာကွယ်နိုင်ပါလိမ့်မယ်။ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးတဲ့အတွက်ကြောင့် ပြင်ပမှကူးစက်ရောဂါများ အလွယ်တကူ မဝင်ရောက်နိုင်ပါဘူး။ ၁၀၀ မီလီဂရမ် မုန်လာဥနီတစ်တောင့်မှာ ဗီတာမင်အေက ၉၃ ရာခိုင်နှုန်းတောင် ပါဝင်ပါတယ်။ ထို့ကြောင့် အမြင်အာရုံ ပိုမိုကြည်လင်စေပြီး မျက်စိ အားကောင်းစေပါတယ်။ မုန်လာဥနီတွင် ပါဝင်သောအမျှင်ဓာတ်က အူမကြီးကင်ဆာဖြစ်ပွားမှုကို လျှော့ချပေးနိုင်ပါတယ်။ အသည်းမှ ဗက်တီးရီးယားများကို သေစေပါတယ်။ တစ်နေ့ကို မုန်လာဥနီတစ်လုံး စားသုံးပါက လေဖြတ်ခြင်းဖြစ်နိုင်ခြေကို ၆၈ ရာခိုင်နှုန်း လျော့ပါးစေပါတယ်။ ဦးနှောက်စွမ်းအား မြှင့်တင်ပေးခြင်းကြောင့် လေဖြတ်လူနာများ ကုသရာမှာ များစွာအထောက်အကူပေးနိုင်ပါတယ်။

ထို့ပြင် အမျိုးသမီးများ အလှအပရေးရာအဖြာဖြာလည်း အသုံးပြုနိုင်ပါသေးတယ်။ မုန်လာဥနီထဲမှာပါတဲ့ ဗီတာမင်စီက အသားအရေကို တင်းရင်းလှပစေပါတယ်။ အရေးအကြောင်း မရှိအောင် ကာကွယ်ပေးပြီး အိုမင်းတဲ့ဖြစ်စဉ်ကို လျော့ကျစေပါတယ်။ မုန်လာဥနီကို အခွံခွာ၊ အနှစ်ရည်ရအောင်လုပ်ပြီး ၎င်းအရည်နဲ့ မျက်နှာပေါ် သုတ်လိမ်း၍လည်း မျက်နှာ ပေါင်းတင်နိုင်ပါသေးတယ်။ မုန်လာဥနီအသုံးပြုပြီး မျက်နှာပေါင်းတင်ခြင်းဟာ အရေပြားကြမ်းတမ်းမွဲညစ်တာကို ထိရောက်စွာပြုပြင်ပေးနိုင်ပါတယ်။ ဗီတာမင်အေ ပါဝင်ခြင်းကြောင့် ဦးရေပြား ကျန်းမာစေပြီး ဆံပင်သား သန်စွမ်းတောက်ပြောင်စေပါတယ်။

ယခုလို အရသာလည်းကောင်း ကျန်းမာရေးနဲ့လည်း ညီညွတ်တဲ့ မုန်လာဥနီကို တစ်ကမ္ဘာလုံးမှာ ပုံစံအမျိုးမျိုးနဲ့စားသုံးနေကြပါပြီ။ ဒါပေမယ့် ကိုယ်ဝန်ဆောင်တွေနဲ့ အရက်သောက်ထားသူတွေဟာ မုန်လာဥနီစားသုံးခြင်းကို ဆင်ခြင်ရပါမယ်။ ကိုယ်ဝန်ဆောင်ချိန်အတွင်း မုန်လာဥနီ အများအပြား စားသုံးခြင်းဟာ ကိုယ်ဝန်ပျက်ကျစေနိုင်ပြီး အရက်နဲ့တွဲဖက်စားသုံးမိရင်တော့ အဆိပ်သင့်စေတတ်ကြောင်း စာဖတ်သူများထံ ဗဟုသုတအလို့ငှာ ဝေမျှလိုက်ပါတယ်။ **ဇင်ဇင်မင်းလွင်**

❒ *ရှေ့ဖုံးမှ*

သတ်မှတ်ထားတဲ့နေရာမှာ ရေနက်ဆိပ်ကမ်း တည်ဆောက်ဖို့အတွက် ဖြစ်နိုင်ခြေလေ့လာမှုတွေကို လာမယ့်နိုဝင်ဘာလဆန်းမှာ နောက်ဆုံးထားပြီး စင်ကာပူကုမ္ပဏီက လေ့လာမှုတွေပြုလုပ်တော့မှာဖြစ်ပါတယ်” ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ပုသိမ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရန်အတွက် မြန်မာနှင့်စင်ကာပူကုမ္ပဏီတို့၏ နားလည်မှုစာချွန်လွှာကို သြဂုတ် ၅ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ နားလည်မှုစာချွန်လွှာအရ သဘောတူလက်မှတ်ရေးထိုးပြီး သုံးလအတွင်း ဖြစ်နိုင်ခြေလေ့လာမှုများကို ကွင်းဆင်းကာ စတင်ဆောင်ရွက်ရမည်ဖြစ်သည်။

ထိုသို့ ဖြစ်နိုင်ခြေ ကွင်းဆင်းလေ့လာမှု ကုန်ကျစရိတ်များကိုလည်း စင်ကာပူကုမ္ပဏီမှ အကုန်အကျခံမည်ဖြစ်သည်။ ပုသိမ်ရေနက်ဆိပ်ကမ်း တည်ဆောက်မည့်နေရာမှာ ဧရာဝတီတိုင်းဒေသကြီး ချောင်းသာနှင့် ငွေဆောင်အကြား ငရုတ်ကောင်းရွာပတ်ဝန်းကျင်တွင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ဧရာဝတီတိုင်းဒေသကြီး အနောက်တောင်ဘက်တွင် ပုသိမ်အထူးစီးပွားရေးဇုန်တစ်ခုကို တည်ဆောက်အကောင်အထည်ဖော်ရန်ရှိနေရာ ပြည်တွင်း ပြည်ပကုမ္ပဏီများဖြင့် ဆောင်ရွက်ရန်စီစဉ်လျက်ရှိသည်။ ယင်းအထူးစီးပွားရေးဇုန်တွင် ယခုဖြစ်နိုင်ခြေလေ့လာမှုစတင်ပြုလုပ်မည့် ပုသိမ်ရေနက်ဆိပ်ကမ်းစီမံကိန်းလည်း ပါဝင်သည်။ အဆိုပါအထူးစီးပွားရေးဇုန်တွင် ရေနက်ဆိပ်ကမ်းတစ်ခုအပါအဝင် စက်မှုဇုန်သုံးခုနှင့် ခရီးသွားလုပ်ငန်းစီမံကိန်းလည်းပါဝင်သည်။ ၎င်းအထူးစီးပွားရေးဇုန်စီမံကိန်းသည် မြေဧရိယာ ၃၀၃၇ ဟက်တာခန့်ရှိမည်ဖြစ်ပြီး လာမည့် ၂၀၂၅ ခုနှစ်၌ ပြီးစီးနိုင်မည်ဟု ခန့်မှန်းထားသည်။ **(မြန်မာ့အလင်း)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဂန့်ဂေါမြို့နယ်တွင် ဆောင်ရွက်

ဂန့်ဂေါ သြဂုတ် ၁၇

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း ၁၂ ခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၁၈ ခု၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်း ခြောက်ခု၊ ပညာရေးလုပ်ငန်းနှစ်ခု၊ ကျန်းမာရေးလုပ်ငန်းတစ်ခု၊ အထွေထွေလုပ်ငန်းနှစ်ခုတို့ ဆောင်ရွက်သွားမည် ဖြစ်သည်။ အဆိုပါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းဆောင်ရွက်မှုရှင်းလင်းပွဲကို သြဂုတ် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းမြို့တို့က ကဏ္ဍအလိုက် ရှင်းလင်းမှာကြားကြသည်။ **(၁၀၁)**

အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

◆ ရှေ့ဖုံးမှ

ဆွေးနွေးပြောကြားရာတွင် လက်ရှိဖြစ်ထွန်းနေသော နိုင်ငံရေးတိုးတက်မှုများနှင့် လိုက်လျောညီထွေဖြစ်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အပြောင်းအလဲများ ဖြစ်ပေါ်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကိစ္စရပ်များ အထူးပြုလုပ်ဆောင်ရွက်သည့် INGOs၊ LNGOs များနှင့် လက်တွဲလုပ်ဆောင်သွားရန် ဆုံးဖြတ်ထားကြောင်း၊ ယနေ့အစည်းအဝေးပွဲမှစ၍ ထိရောက်မြန်ဆန်သည့် လက်တွဲလုပ်ဆောင်မှုများ လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရှည်မဟာဗျူဟာများနှင့် လာမည့်လ ၃၀ ကာလအတွင်း အကောင်အထည်ဖော်နိုင်မည့် နည်းဗျူဟာဆိုင်ရာ လုပ်ငန်းစဉ်များကို မျှတအောင် လုပ်ဆောင်သွားမည်ဖြစ်သည့်အတွက် NGOs အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကဆိုင်ရာ အဖွဲ့အစည်းများအားလုံး မိမိတို့ဝန်ကြီးဌာနနှင့် လက်တွဲလုပ်ဆောင်သွားနိုင်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍအသီးသီးတွင် လုပ်ဆောင်နေကြသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး ကြုံတွေ့နေရသည့် အခွင့်အလမ်းများ၊ စိန်ခေါ်မှုများ၊ အားသာချက်များနှင့် အားနည်းချက်များကို မိမိတို့ဝန်ကြီးဌာနထံသို့ ဆွေးနွေးအကြံပြုသွားကြရန် ပြောကြားလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မည်သည့်အကြံပြုဆွေးနွေးမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကိုမဆို ဝမ်းပန်းတသာ လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် လုပ်ငန်းဆိုင်ရာ ပညာရှင်များက ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း နိုင်ငံတော်သမ္မတ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအတွက် လူမှုရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များ တွေ့ဆုံဆွေးနွေးပွဲတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူလူထုအခြေပြုတီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်သူစီမံချက် နှစ်ပတ်လည်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၇

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ပြည်သူလူထုအခြေပြုတီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်သူ စီမံချက် နှစ်ပတ်လည်ဆန်းစစ်ဆွေးနွေးခြင်း စီမံချက်အခမ်းအနားကို ၂၀၁၃ ခုနှစ် ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှအဖွဲ့ဝင်များ၊ တီဘီရောဂါတိုက်ဖျက်ရေးဆိုင်ရာ ဆရာဝန်ကြီးများ၊ စီမံချက်ဝင်မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် စေတနာ့ဝန်ထမ်းအသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ချမှတ်ဆောင်ရွက်

ဆက်လက်၍ ဆွေးနွေးပွဲကျင်းပရာ ဒေါက်တာဝင်းမောင် (WHO, National Consultant) က သဘာပတိအဖြစ် ဆောင်ရွက်ပြီး စီမံချက်ဝင်မြို့နယ်များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြဆွေးနွေးကြသည်။ ၎င်းနောက် အုပ်စုလိုက် ဆွေးနွေးခြင်းများပြုလုပ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် တပျော်တပါး စုပေါင်းလေ့ကျင့်

နေပြည်တော် ဩဂုတ် ၁၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖျော်ဖြေတင်ဆက်မှုများ တတိယအကြိမ် စုပေါင်းလေ့ကျင့်မှုဆောင်ရွက်ခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ရွာတော် အမှတ်(၇)တည်းခိုရေးစခန်း၌ဆောင်ရွက်ကြရာ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ ပိတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားပြီး ဖျော်ဖြေတင်ဆက်ကြမည့်သူများအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဖွင့်ပွဲ၊ ပိတ်ပွဲတွင် ဖျော်ဖြေတင်ဆက်ကြမည့်သူများက မိမိတို့ပါဝင်တင်ဆက်ရမည့်အခန်းကဏ္ဍနှင့်သက်ဆိုင်သည့် အကများကို လေ့ကျင့်ကြသည်။

ဖျော်ဖြေတင်ဆက်သွားမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ရာ "ယဉ်ကျေးမှုဝန်ကြီးအနေနဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနဲ့ ပိတ်ပွဲ ကျင်းပနိုင်ဖို့ ကော်မတီဖွဲ့ပြီး အဓိကတာဝန်ယူ ဆောင်ရွက်နေပါတယ်။ နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ဖို့ ဖျော်ဖြေတင်ဆက်မှုနဲ့ဆိုင်တဲ့ လူအင်အားစုဖွဲ့ခြင်း၊ လေ့ကျင့်မှု၊ ဖျော်ဖြေမှုကိစ္စတွေကို ဆောင်ရွက်နေရသလို ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားဆောင်ရွက်တဲ့အခါမှာ လိုအပ်တဲ့ နည်းပညာပိုင်းတွေ၊ အခမ်းအနားပြင်ဆင်မှုအပိုင်းတွေကို တရုတ်နိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ပညာရှင်တွေရဲ့ ကူညီပံ့ပိုးမှုနဲ့ စတိတ်စင်ပြင်ဆင်မှု၊ LED မီးအလှဆင်ခြင်းနဲ့ ပါဝင်အထောက်အကူပြုမည့် အပိုင်းတွေကို ဆက်စပ်ဆောင်ရွက်နေပါတယ်" ဟု အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခ(သဘင်) ဦးအောင်ဆန်းဦးက ပြောပြခဲ့သည်။

ဖျော်ဖြေမှုတွင် ပါဝင်ရမည့် ရန်ကုန်တိုင်းဒေသကြီး အထက(၄) အလုံမှ နဝမတန်းကျောင်းသူ မအေးပြည့်မွန်ကလည်း "သမီးတို့က မျိုးဆက်သစ်အားမာန် ဖျော်ဖြေတင်ဆက်မှုမှာ အေရိုးဗစ်အကနဲ့ ဖျော်ဖြေတင်ဆက်မှာ ဖြစ်ပါတယ်။ သမီးတို့နိုင်ငံမှာ နှစ်ပေါင်းများစွာ မကျင်းပနိုင်ခဲ့တဲ့ ဆီးဂိမ်းပြိုင်ပွဲကြီးကို အခုလိုကျင်းပနိုင်တဲ့အချိန်မှာ ပါဝင်ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ သမီးအနေနဲ့ကတော့ ငယ်ငယ်တုန်းက အေရိုးဗစ်မကစားဖူးပေမယ့် ကျောင်းမှာကြိုတင်ပြီး လေ့ကျင့်ပေးလိုက်တဲ့အတွက် အပြည့်အစုံမဟုတ်ပေမယ့် အထိုက်အလျောက်တော့ ကစားတတ်နေပါပြီ။ အခုလို စနစ်တကျ စခန်းသွင်းလေ့ကျင့်လိုက်ရင်တော့ ဒီပြိုင်ပွဲကြီးမှာ အကောင်းဆုံးဆောင်ရွက်နိုင်မယ်ထင်ပါတယ်" ဟု ပြောပြခဲ့သည်။

"အေရိုးဗစ်သင်ရတာ ကောင်းပါတယ်။ မြန်မာကကွက်သင်ရတာဆိုရင် သမီးတို့ ဆရာမကြီးက သေချာသင်ပေးပါတယ်။ နားမလည်တဲ့သူတွေကိုလည်း စနစ်တကျသင်ပေးပါတယ်။ တရုတ်ကကွက်တွေလည်း သင်ပေးပါတယ်။ တရုတ်ကကွက်နဲ့ မြန်မာကကွက် အတူတူပါပဲ။ ဒါပေမယ့် တရုတ်ကကွက်က သင်ရတာပိုလွယ်တယ်ထင်ပါတယ်။ တရုတ်ကကွက်တွေ နားမလည်ရင်လည်း နည်းပြတွေက သင်ပေးပါတယ်။ သမီးတို့အတွက် ပါဝင်ရတာ အဆင်ပြေပါတယ်။ ကျန်းမာရေးအတွက်လည်း ကောင်းပါတယ်။ ယခုရောက်နေတဲ့ ညီမတွေ၊ အစ်မတွေကလည်း အေရိုးဗစ်ကို စိတ်ဝင်စားပါတယ်။ အနှစ် ၄၀ မှာ တစ်ခါကြုံရတဲ့ဆီးဂိမ်းပြိုင်ပွဲကြီးမှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်" ဟု အထက(၂) (ဒဂုံ) မှ ကျောင်းသူတစ်ဦးက ပြောပြခဲ့သည်။

အလားတူ အမှတ်(၂၀) ရဲတပ်ရင်းမှ ရဲတပ်သား အောင်ထက်ကလည်း "ဆီးဂိမ်းပြိုင်ပွဲဖျော်ဖြေမှုအပိုင်းမှာ အကြိုလေ့ကျင့်မှုအနေနဲ့ နှစ်ကြိမ်လေ့ကျင့်ပြီး ဖြစ်ပါတယ်။ ယခုတစ်ကြိမ်မှာလည်း ကြိုးစားလေ့ကျင့်သွားမှာပါ။ နှစ်ပေါင်းများစွာမှ တစ်ခါကြုံရတဲ့ ဒီပြိုင်ပွဲကြီးမှာ အခုလိုပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ကျွန်တော်တို့က ညီညွတ်ခြင်းမှသည် ရှေ့သို့ချီ၊ ရွှေနိုင်ငံနဲ့ ပြန်ဆုံမည် ဖျော်ဖြေမှုမှာ တပ်ဖွဲ့ဝင် ၅၀၀ လောက်နဲ့ ပါဝင်ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

ထို့အတူ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုသည့် တပ်မတော်သားများနှင့် မိသားစုဝင်များထဲမှ တပ်သား ထက်ဇင်ကလည်း "ကျွန်တော်တို့ကတော့ အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၄၁ ဦးနဲ့ ပြည်ထောင်စုကြီး ဒို့ရဲ့ မြန်မာ

မျိုးမြင့် – သတင်းစဉ်

ဖျော်ဖြေမှုမှာ ပါဝင်မှာဖြစ်ပါတယ်။ ဒီသီချင်းကိုတော့ တေးရေး ချစ်ဆွေမြင့်ရေးစပ်ပေးပြီး တေးဆို နေနေက ပြန်ဆိုထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့က ဒုတိယအကြိမ်မှာ နှစ်ပတ်လေ့ကျင့်ပြီးပါပြီ။ အခုလည်း နှစ်ပတ်လေ့ကျင့်သွားမှာ ဖြစ်ပါတယ်။ တပ်ဖွဲ့ဝင်မိသားစုများအနေနဲ့ အခုလို ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းလည်းဝမ်းသာပါတယ်၊ ဂုဏ်လည်း ဂုဏ်ယူပါတယ်" ဟု ပြောပြခဲ့သည်။

"ဖွင့်ပွဲအခမ်းအနားမှာ သွေးပူလေ့ကျင့်ခန်း၊ စောင်းတော်သိမ်းမင်္ဂလာ၊ အမျိုးသားအမွေအနှစ်မဟာပုဂံ၊ ပွဲဦးမင်္ဂလာ၊ ရွှေနိုင်ငံကကြိုမယ်၊ သွေးချင်းဌာနေမြန်မာပြည်၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ပေါ်လွင်စေမယ့် အနာဂတ်ကမ္ဘာမြေ၊ ဒို့မြန်မာ့ခြင်းလုံး၊ ပြည်ထောင်စုကြီးရဲ့ ဒို့မြန်မာ သရုပ်ဖော်အကတွေကို ဖျော်ဖြေတင်ဆက်မှာဖြစ်ပြီး ပိတ်ပွဲမှာတော့ ကျောက်ဆည် ဆင်ရတနာအက၊ ရောင်စုံပန်းများ၏ မြစ်ကြေးမုံ၊ မျိုးဆက်သစ်ဒို့အားမာန်၊ အာဆီယံဒေသတွင်းနိုင်ငံများ ပြန်ဆုံစေမယ့် ပြန်ဆုံမယ်စတာတွေကို ဖျော်ဖြေတင်ဆက်မှာပါ"ဟု တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။

"လေ့ကျင့်မှုအနေနဲ့ကတော့ ပထမအကြိမ်ကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ၊ ဒုတိယအကြိမ်ကို ဇူလိုင် ၁၅ ရက်မှ ၃၁ ရက်အထိ လေ့ကျင့်ခဲ့ပြီးဖြစ်ပါတယ်။ အခု တတိယအကြိမ်ကိုတော့ ယနေ့မှစပြီး ၃၁ ရက်အထိ ဆောင်ရွက်သွားမှာပါ။ စတုတ္ထအကြိမ်အနေနဲ့ကတော့ အောက်တိုဘာ ၁ ရက်ကစပြီး ဆီးဂိမ်းပိတ်ပွဲအထိ စခန်းသွင်းလေ့ကျင့်သွားမှာပါ။ ပထမအကြိမ်တုန်းက လူအင်အား ၃၈၀၀၊ ဒုတိယ အကြိမ်က ၄၅၀၀၊ အခု တတိယအကြိမ်မှာလည်း ၄၅၀၀ ရှိပါတယ်။ စတုတ္ထအကြိမ်မှာတော့ အင်အား ၁၀၀၀၀ လောက် ပေါင်းစပ်လေ့ကျင့်သွားမှာပါ။ အဲဒီထဲမှာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုမှ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၊ တပ်မတော်သား တပ်ဖွဲ့ဝင်များနဲ့ မိသားစုဝင်များ၊ ရဲတပ်ဖွဲ့ဝင်များကလည်း ဖျော်ဖြေပွဲမှာ ပါဝင်ဆောင်ရွက်သွားမှာပါ။ အဲဒီလူတွေရဲ့စားသောက်ရေးနဲ့ပတ်သက်ပြီးတော့ နေ့စဉ် အသားဟင်းအပြင် အရန်ဟင်းတွေနဲ့ပါ သုံးကြိမ်ကျွေးမွေးပါတယ်။ လေ့ကျင့်မှုလုပ်ငန်းတွေမှာလည်း နည်းပြတွေ၊ ပညာရှင်တွေနဲ့ စနစ်တကျ လေ့ကျင့်နိုင်အောင် ဆောင်ရွက်ပေးထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြခဲ့သည်။

သို့ဆိုလျှင် ဆီးဂိမ်းပြိုင်ပွဲ၏ ဖွင့်ပွဲနှင့်ပိတ်ပွဲတွင် တာဝန်ယူဆောင်ရွက်မည့်ကော်မတီ၏ ပြင်ဆင်ထားမှု၊ ဖျော်ဖြေကြမည့်သူများ၏ ကြိုးပမ်းမှုတို့ကြောင့် လာရောက်ယှဉ်ပြိုင်ကြမည့် အရှေ့တောင်အာရှနိုင်ငံများမှ အားကစားပြိုင်ပွဲဝင်များ၊ တက်ရောက်လာကြသူများအနေဖြင့် ၎င်းတို့ မြင်တွေ့ရမည့် မြန်မာတို့၏ အနုသုခုမပညာ၊ ရိုးရာအကနှင့် ယဉ်ကျေးမှုတို့ကို ပြိုင်ပွဲကြီးပြီးဆုံးသွားသည့်တိုင် သူတို့၏စိတ်အစဉ်ဝယ် စွဲကျန်နေဦးတော့မည်ဟု ထင်မြင်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ပြည်တွင်းသတင်း

သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ ကျေးရွာများအရောက် တစ်နိုင်ငံလုံးပျံ့နှံ့အောင် အကောင်အထည်ဖော်ရေး တိုက်တွန်းနှိုးဆော်ချက်

၁။ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်သည် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်သည့် လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် စပါးတစ်ဧက တင်း ၁၀၀ အထက် အသေချာထွက်ရှိနိုင်သော လက်တွေ့ကျသည့် စိုက်ပျိုးနည်းစနစ် ဖြစ်ပါသည်။

၂။ မည်သည့်စပါးမျိုးကို စိုက်ပျိုးစေကာမူ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးပါက အနည်းဆုံးတစ်ဧကတိုင်း စပါးအထွက်နှုန်း ၁၀ ရာခိုင်နှုန်းအထက် ပိုမိုထွက်ရှိပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ မြို့နယ်၊ ကျေးရွာပေါင်း ၆၄၁၃၄ ရွာ ဖွဲ့စည်းပါဝင် တည်ရှိနေပါသည်။

၄။ သိပ္ပံနည်းကျစိုက်နည်းစနစ်များ ကျေးရွာအလိုက် ၁၀ ဧက တစ်ဆက်တစ်စပ်တည်း စံနမူနာပြစိုက်ကွင်းများကို အများမြင်သာသည့် လမ်းဆုံ လမ်းခွနေရာများတွင် စိုက်ပျိုးပြသအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်နေပါသည်။

၅။ တောင်သူလယ်သမားအများစုမှာ ကျေးရွာများတွင် နေထိုင်ကြသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို မြို့နယ်များမှသည် ကျေးရွာများအထိ ပျံ့နှံ့ရောက်ရှိစေပြီး လယ်သမားတိုင်း တိုးတက်လာရေးအတွက် ဆောင်ရွက်ပေးကြရန် လိုအပ်ချက်ရှိနေပါသည်။

၆။ တောင်သူလယ်သမားရုပ်သံလိုင်း စတင်စမ်းသပ်ထုတ်လွှင့်မည့် ၁၅-၈-၂၀၁၃ ရက်နေ့တွင် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ကို စိုက်ပျိုးရေးပညာရှင်များက တိုက်ရိုက်ထုတ်လွှင့် လက်တွေ့ပြသမည်ဖြစ်ပါသဖြင့် ကြည့်ရှုနိုင်ကြပါရန် နှိုးဆော်အသိပေးအပ်ပါသည်။

၇။ နိုင်ငံနှင့်အဝန်း တောင်သူလယ်သမားများ အကြားအလပ်မကျန် တိုးတက်ကြီးပွားလာရေးအတွက် စံနမူနာပြ သိပ္ပံနည်းကျစိုက်နည်းစနစ်များကို ကျေးရွာတိုင်းမှ လယ်သမားများ လက်လှမ်းတမီမြင်တွေ့အားကျ အတုယူအသုံးပြုလာနိုင်ကြစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စံနမူနာပြ တောင်သူပညာပေးစိုက်ကွင်းများ ကျေးရွာအရောက် ထူထောင်ပေးကြပါရန် တိုက်တွန်းမေတ္တာရပ်ခံအပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ဆော့ကစားရာမှ လက်ပစ်ဗုံးတွေ့

မကွေး ဩဂုတ် ၁၇

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သိင်္ဂါဂီရိရပ်ကွက် ဥတ္တရလမ်းရှိ ဆယ်အိမ်မှူး ဦးသောင်းအေးသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မြို့နယ်ရဲတပ်ဖွဲ့သို့ ဩဂုတ် ၁၆ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်က လက်ပစ်ဗုံးအဟောင်းတစ်ခုဟုယူဆရသော ပစ္စည်းတစ်ခုတွေ့ရှိထားသဖြင့် **(အပေါ်ပုံ)** သတင်းပေးတိုင်ကြားသည်။

တွေ့ရှိပုံမှာ အိမ်အမှတ် (၁၂) ဥတ္တရလမ်းတွင်နေထိုင်သော ဒေါ်အောင်မေကြည်၏ အိမ်ရှေ့အုတ်လှေကားဘေးတွင် ၎င်းလမ်းနေ ဦးစိန်မြင့်အောင်၏သမီး မယဉ်မွန်အောင်နှင့် ကလေးအဖွဲ့ ဆော့ကစားနေစဉ် သံလုံးဟုထင်မှတ်၍ လက်ဖြင့် တူးယက်ကြည့်နေသည်ကို မြင်တွေ့လိုက်သော အိမ်ရှင် ဒေါ်အောင်မေကြည်သည် အန္တရာယ်ရှိစေနိုင်သည်ဟု ထင်မိသဖြင့် ဆယ်အိမ်မှူးကို အသိပေးခဲ့ခြင်းကြောင့် ည ၈ နာရီခန့်တွင် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် စစ်မြေပြင်အင်ဂျင်နီယာတပ်မှ လာရောက်ကြည့်ရှုစစ်ဆေးရာ ၃၆ ခွင်း ဗုံးအဟောင်းဟုသိရှိရပြီး ဗုံးမှာ အန္တရာယ်ဖြစ်စေနိုင်သည့်အခြေအနေမရှိတော့ကြောင်း၊ ၎င်းလက်ပစ်ဗုံးကို နယ်မြေခံတပ်သို့ အပ်နှံခဲ့ကြောင်း သိရသည်။ **နေသော်(မကွေး)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ဦးလှထွန်းမေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း(မန္တလေး) နှစ်ပတ်လည်အခမ်းအနားကျင်းပ

မန္တလေး ဩဂုတ် ၁၇

ဦးလှထွန်း (Hospice) မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း (မန္တလေး)၏ (၁၀)နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို ဩဂုတ် ၁၅ ရက်က အဆိုပါ ဆေးရုံ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဦးလှထွန်း (Hospice) မေတ္တာရိပ်မွန်ကင်ဆာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ် အေဘဲလ်(ငြိမ်း)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြတ်ငွေနှင့် ဦးလှထွန်း (Hospice) မေတ္တာရိပ်မွန်ကင်ဆာ ဖောင်ဒေးရှင်း(မန္တလေး)ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဦးဝင်းရှိန်၊ အလုပ်အမှုဆောင် အဖွဲ့ဝင်များက လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ချီးမြှင့်ပေးအပ်ကြပြီးနောက် ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးစိုးထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ ဦးလှထွန်း(Hospice) မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း (မန္တလေး)ကို မန္တလေး-ပုသိမ်ကြီးသွားကားလမ်းဘေးတွင် တည်ထောင် ဖွင့်လှစ်ထားပြီး စတင်ဖွင့်လှစ်ချိန်မှ ယနေ့အထိ ကင်ဆာရောဂါခံစားနေရသော လူနာများအား လက်ခံ၍ အခမဲ့ပြုစုစောင့်ရှောက်မှုပြုခဲ့ရာ လူနာ၂၄၈၉ဦးကို စောင့်ရှောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ကိုယ့်အားကိုယ်ကိုး လမ်းဖောက်လုပ်

စဉ့်ကိုင် ဩဂုတ် ၁၇

စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာနှင့် သပြေရိုးကျေးရွာကို အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်ရေးအတွက် ယခင် ပဲပြုတ်သည် လမ်းခေါ် လယ်ကြားလမ်းကလေးကို မြေသားလမ်းဖို့ခြင်း ဆောင်ရွက်နေသည်။ **(ယာပုံ)**

၎င်းမြေသား လမ်းအတွက် မတည်အလှူငွေကို ထန်းသုံးပင် ဘုန်းတော်ကြီး ဆရာတော် ဘဒ္ဒန္တဇဋိလနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မိုးပြဲရေလျှောင်ကန် ကန်ဦးစေတီကျောင်း ဆရာတော် ဘဒ္ဒန္တသုမနတို့က ဦးဆောင်ကမကထပြု၍ ဦးကျော်ဝင်း - ဒေါ်မြင့်မြင့်သန်း (မန်းမြေရာဇာအကျိုးဆောင်လုပ်ငန်း မိသားစု)မန္တလေးမြို့က ငွေကျပ်သိန်း ၅၀ မတည်လှူဒါန်းကာ ကျေးရွာနေပြည်သူများက စုပေါင်းထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျေးရွာချင်းဆက် ကျေးလက်ဖွံ့ဖြိုးရေးလမ်းမှာ အရှည်ပေ ၇၀၀၀ခန့်ရှိပြီး အကျယ် ၁၄ ပေရှိမြေသားလမ်းအမျိုးအစားဖြစ်ကာ ပထမအဆင့်အနေဖြင့် ထန်းသုံးပင်ကျေးရွာမှ ကွန်ပျူတာတက္ကသိုလ် (တအုံ)သွားကားလမ်းသို့ ဆက်သွယ်ဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ လမ်းဖောက်လုပ်မှုနှင့်စပ်လျဉ်း၍ ထန်းသုံးပင်ကျောင်းဆရာတော်က လမ်းအူကြောင်းကို ဩဂုတ် ၁၀ ရက်က စတင်ပန္နက်ရိုက်ခဲ့ပြီး ဩဂုတ် ၂၀ ရက် (ဝါခေါင်လပြည့်နေ့)တွင် အပြီးတည်ဆောက်ဖောက်လုပ်သွားမည်ဖြစ်ကြောင်း၊ လမ်းနှင့်အတူ လျှပ်စစ်မီးတိုင်များ စိုက်ထူ၍ လျှပ်စစ်မီးလင်းရေးကိုပါ ထည့်သွင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ထံမှ ခွင့်ပြုမိန့်ကိုလည်း ရရှိပြီးဖြစ်ကြောင်း၊ အလှူရှင်များလည်း အရန်သင့်ရှိကြောင်း၊ ဒေသခံပြည်သူများကလည်း တက်ကြွစွာ ပါဝင်လှူဒါန်း လုပ်အားပေးလျက်ရှိကြောင်း၊ ကုသိုလ်ဖြစ်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းမိန့်ကြားခဲ့သည်။ အဆိုပါ လမ်းဖောက်လုပ်ပြီးစီးပါက ထန်းသုံးပင်ရွာမှ စဉ့်ကိုင်မြို့သို့ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(၁၆၀)**

ဖောင်းကြွနံပါတ်များ တပ်ဆင်မောင်းနှင်ခြင်းမရှိပါက ထိရောက်စွာအရေးယူသွားမည်

မန္တလေး ဩဂုတ် ၁၇

မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန အနေဖြင့် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအတွက် သတ်မှတ်ထားသည့် ဖောင်းကြွနံပါတ်ပြားကို ထုတ်ပေးထားရာ တပ်ဆင်ခြင်းမရှိပါက ထိရောက်စွာ စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"များသောအားဖြင့် ဆိုင်ကယ်တွေက ဖောင်းကြွနံပါတ်ပြား (ကညန)မှာ သွားရောက်ထုတ်ယူခြင်းမရှိဘဲ လမ်းဘေးကနံပါတ်ပြားတပ်ပြီး မောင်းနေကြတာပါ။ ယာဉ်တိုက်မှုနဲ့ အခြားပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်တာမျိုးရှိခဲ့ရင် စုံစမ်းဖော်ထုတ်ရာမှာ နှောင့်နှေးကြန့်ကြာတယ်။ လိုင်စင်မဲ့ယာဉ်တွေဆိုရင် နံပါတ်အတုနဲ့ မောင်းနှင်ကြတဲ့အခါ တကယ့်အစစ်အမှန် ယာဉ်ပိုင်ရှင်တွေ ထိခိုက်နိုင်တာကြောင့် တရားဝင်ထုတ်ပေးထားတဲ့ ဖောင်းကြွနံပါတ်ပြား တပ်ဆင်ကြဖို့လိုပါတယ်"ဟု ယာဉ်ထိန်း ရဲအရာရှိတစ်ဦးကပြောသည်။

အမှတ်(၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့(မန္တလေး)မှ အဆိုပါ ဖောင်းကြွနံပါတ်ပြားများ တပ်ဆင်မောင်းနှင်ခြင်း မရှိသော ယာဉ်များကို အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားထားပြီးဖြစ်သည်။

သို့ဖြစ်ရာ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များသည် ယာဉ်နံပါတ်များကို မိမိတို့အစီအစဉ်ဖြင့် ပလတ်စတစ်ပြားများ၊ သံပြားများပေါ် ရေးသား၍တပ်ဆင်မောင်းနှင်ခြင်းများကို ထိရောက်စွာ အရေးယူသွားမည်ဖြစ်ရာ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်ထုတ်ပေးသော ဖောင်းကြွနံပါတ်ပြားများ တပ်ဆင်မောင်းနှင်ကြရန် လိုအပ်သည်။ **တင်မောင်(မန္တလေး)**

ယာဉ်စည်းကမ်းမလိုက်နာသူများ အရေးယူ

ကလေး ဩဂုတ် ၁၇

ကလေးမြို့အတွင်း နေ့စဉ်ဖြတ်သန်းသွားလာနေကြသော ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်ယာဉ်များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိစေရေးအတွက် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ဇွန်လမှ စတင်ကာ နေ့စဉ်နံနက်ပိုင်းတွင် ကလေးမြို့ လမ်းဆုံအဝိုင်းပတ်နှင့်ဗိုလ်ချုပ်လမ်းဘေးရှိ ခရိုင်ရဲစခန်းရုံးရှေ့တို့၌ ယာဉ်စည်းကမ်းမလိုက်နာသူများကို စစ်ဆေးအရေးယူလျက်ရှိသည်။ ယင်းသို့ စစ်ဆေးရာတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ၊ မေးသိုင်းကြိုးမတပ်သူများ၊ ဆိုင်ကယ်တစ်စီးတွင် နှစ်ဦးထက်ပိုစီးသူများ၊ သတ်မှတ်နံပါတ်ပြားမတပ်သူများ၊ ယာဉ်လိုင်စင်နှင့်ယာဉ်မောင်းလိုင်စင်မရှိသူများကို စစ်ဆေးအရေးယူပြီး မြို့နယ်တရားရုံး၌ စည်းကမ်းမဲ့ယာဉ်မောင်းသူများအား နောက်နောင်တွင် ယာဉ်စည်းကမ်းလိုက်နာရေး ပညာပေးသတိပေးခြင်း၊ ဒဏ်ငွေများ ပေးဆောင်စေခြင်းနှင့် ကတိခံဝန်ချက်လက်မှတ်ရေးထိုးစေခြင်းတို့ ဆောင်ရွက်ကြကြောင်းသိရသည်။ **ဂျူနိုင်း**

ဒါနကုသိုလ်အာဟာရတိုက်ကျွေး

မြို့သစ် ဩဂုတ် ၁၇

မကွေးခရိုင် မြို့သစ်မြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံကြီး မြို့ပေါ်ရှိ သက်ကြီးရွယ်အို အဘိုးအဘွားများအား အာဟာရတိုက်ကျွေးခြင်းနှင့် လိုအပ်သည့် ဆေးဝါးကုသမှုများကို ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီက မြို့နယ်ဆေးရုံဝင်း၌ ကျင်းပသည်။ အလှူရှင်များဖြစ်ကြသော မြို့သစ်မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်လှလှဌေးက အဘိုးအဘွားများအတွက် လိုအပ်သည့်ဆေးကုသ မှုများကိုလည်းကောင်း၊ ဦးစိုးရွှေသန်း-ဒေါ်အိသော်တာထွေးမိသားစုက ကြက်သားဆန်ပြုတ်ကိုလည်းကောင်း တိုက်ကျွေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

ဂန့်ဂေါ ဩဂုတ် ၁၇

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းဆောင်ရွက်မှုရှင်းလင်းပွဲကို ဩဂုတ် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးနိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းမြို့တို့က ကဏ္ဍအလိုက် ရှင်းလင်းမှာကြားကြသည်။ **(၁၀၁)**

ဆင်းသုခစပါးမျိုး စုပေါင်းကောက်စိုက်

ကျောက်ထု ဩဂုတ် ၁၇

ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့နယ်ခွဲဒေသ တောင့်တက်ရွာ တောင်သူဦးသာအောင်၏ လယ်မြေတွင် ဩဂုတ် ၁၅ ရက်က ဆင်းသုခစပါးမျိုး စုပေါင်းကောက်စိုက်ပွဲကျင်းပရာ ကျောက်ထုမြို့စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ကြည်က စိုက်နည်းစနစ်မှန်ကန်ရေး ရှင်းလင်းပြောကြားသည်။

အဆိုပါစုပေါင်းကောက်စိုက်ပွဲတွင် တစ်ဧကကောက်ကွက် ၁၃၀၆၈၀ ဝင်ဆံ့သည့်စိုက်နည်းဖြင့် စိုက်ပျိုးခြင်းဖြစ်၍ တစ်ဧက စပါးတင်း ၁၀၀ ကျော်ထွက်ရှိစေမည်ဟုဆိုသည်။ တောင့်တက်ကျေးရွာတွင် ဆင်းသုခစပါးမျိုးကို ဧက ၁၀၀ စိုက်ပျိုးသွားမည်ဟုသိရသည်။ **ကျော်သန်းဆွေ**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန်မြို့တော်စည်ပင်သာယာ ငွေသော်တာဂေါက်ကွင်းတွင် ဦးသန်းဇော်သည် ဂေါက်သီးရိုက်ကစားဖော်များ ဖြစ်ကြသော ဦးစိုးမင်း၊ ဦးသောင်းဝင်း၊ ဦးစိုးလင်းဌေး၊ ဦးညီညီတို့နှင့်အတူ ၁၇-၈-၂၀၁၃ ရက်(စနေနေ့)တွင် ဂေါက်သီးရိုက်ကစားကြရာ ဘောလုံးအမျိုးအစား (Titleist Prov-1)အား သံတုတ်နံပါတ် Srixon.7 ဖြင့် ၁၅၆ ကိုက်ကွာဝေးသော ကျင်းနံပါတ် ၅ သို့ ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့ပါသည်။

မွေးသက္ကရာဇ်အမှန်

ဦးပျော့၏သား မောင်ကျော်ထူးလှိုင် ၉/ပဘန(နိုင်)၁၂၉၁၃၈၏မွေးသက္ကရာဇ် အမှန်မှာ ၅-၉-၁၉၇၉ ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့်
ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက်(၆/၂၀၁၃)
နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များ ရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၃ ခုနှစ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် သက်တမ်းကုန်ဆုံးသည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသော ကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေး ခိုင်မာမှုရှိကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်မှ စက်တင်ဘာလ ၁၈ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit)ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ် ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း(Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဧရာဝတီတိုင်းဒေသကြီး
တံတားအထူးအဖွဲ့(၁၂)၊ ဂုံညင်းတန်းရိပ်သာ၊ ဖျာပုံမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ်/၂ (၂၀၁၃-၂၀၁၄)

ဧရာဝတီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့(၁၂)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့်တံတားလုပ်ငန်းအတွက် အောက်ဖော်ပြပါလိုအပ်သော ပစ္စည်းများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	ပေးသွင်းရမည့်နေရာ
၁။	တောသစ်ခွဲသား(အင်/ကညင်)	(၄၀)တန်	ပန်ခရောင်းတံတား
၂။	မြစ်ကျောက်စရစ် (ကွန်ကရစ်လုပ်ငန်းသုံးရန်)	(၁၅၀)ကျင်း	
၃။	ဘိလပ်မြေ	(၈၆)တန်	
၄။	သံချောင်း	(၅၆)တန်	

တင်ဒါပိတ်မည့်နေ့ရက်/အချိန် - ၁-၉-၂၀၁၃ရက်၊ ၁၂း၀၀ နာရီ
တင်ဒါဖွင့်မည့်နေရာ - တံတားအထူးအဖွဲ့(၁၂)
တင်ဒါဖွင့်မည့်နေ့ရက်/အချိန် - ၁-၉-၂၀၁၃ရက် ၁၄း၀၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၁၉-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
တံတားအထူးအဖွဲ့(၁၂)
ဂုံညင်းတန်းရိပ်သာ၊ဖျာပုံမြို့
ဖုန်း-၀၉-၈၅၈၆၉၇၅

အရှေ့မြောက်ဒေသမှ မြို့ပြမူဆယ်အထူးဖွံ့ဖြိုးရေးဇုန်ခြေလှမ်းသစ်

မူဆယ် ဩဂုတ် ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့သည် တရုတ်နိုင်ငံနှင့် အဓိက ကုန်သွယ်ရေးလမ်းကြောင်း ကုန်စည်စီးဆင်းရာ အရှေ့မြောက် တံခါးမကြီးဖြစ်ပြီး တစ်နိုင်ငံလုံး၏ နယ်စပ်ကုန်သွယ်စီးဆင်းမှု ၇၀ ရာခိုင်နှုန်းကို ဆောင်ရွက်ရာနေရာ ဖြစ်၍နိုင်ငံတကာအဆင့်မီ နယ်စပ် ကုန်သွယ်ရေး အထူးစီးပွားရေးဇုန် အဖြစ် တိုးမြှင့်နိုင်ရေးအတွက် ဒေသခံကုမ္ပဏီလုပ်ငန်းရှင်ကြီးများ၊ ကုန်သည်ကြီးများအသင်း၊ မြို့မိမြို့ဖ တိုင်းရင်းသား လုပ်ငန်းရှင်များ၊ မူဆယ်ဒေသ တိုင်းရင်းသား စက်ယန္တရား လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ရှမ်းပြည်နယ် သစ်တောနှင့် သတ္တုရေးရာဝန်ကြီး ဦးစိုင်းအိုက်ပေါင်း၊ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးနှင့်သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ တွေ့ဆုံပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၉နာရီက မူဆယ်-နမ့်ခမ်း နယ်စပ် ကုန်သည်ကြီးများ အသင်းရုံးခန်းမ၌ ကျင်းပသည်။ ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်အစိုးရဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက ပြောကြားရာတွင် မူဆယ်မြို့သည် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုစီးဆင်းရာ အများဆုံးဝင်/ထွက်ပေါက်ဖြစ်နေခြင်း၊ တစ်ဖက်နိုင်ငံရွှေလီမြို့သည် နိုင်ငံတကာ မြို့အင်္ဂါရပ်နှင့်လျော်ညီစွာ တည်ဆောက်ပြီးဖြစ်ရာ မိမိနိုင်ငံဘက်မှ မူဆယ်မြို့သည်လည်း ဖွံ့ဖြိုးမှုမကျန်ရစ်ရလေအောင် နိုင်ငံသား၊ တိုင်းရင်းသားတိုင်းတွင် တာဝန်ရှိကြောင်း၊ နိုင်ငံသားလုပ်ငန်းရှင်များက မူဆယ်ဒေသ အထူးဖွံ့ဖြိုးရေးဇုန် တည်ထောင်ရာတွင် ကဏ္ဍအသီးသီးမှ ပါဝင်စေလိုကြောင်း ရှင်းလင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ဒေသခံတိုင်းရင်းသား လုပ်ငန်းရှင်ဖြစ်သော New Star Light Co.,Ltd မှ ဒါရိုက်တာ ဦးငွေစိုးက ဆွေးနွေးရာတွင် မူဆယ်မြို့သစ် ဖွံ့ဖြိုးရေးတည်ဆောက်ရေးဇုန် (မြို့ပြဗဟိုစီမံကိန်း)မှ စတင်အကောင်အထည်ဖော်နေပြီဖြစ်သော မြေဧက ၂၈၈ ဒသမ ၁၆ အပေါ် မြေပြုပြင်ခြင်းကို ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ ဆက်လက်၍ ဆောက်လုပ်မည့် Construction အဆောက်အအုံ မိုးမျှော်တိုက်များ၊ လူနေတိုက်ခန်းများ၊ ပန်းခြံနှင့်စာသင်ကျောင်းများအတွက် ကြိုတင်စီမံရင်းနှီးမြှုပ်နှံမှုကို ပရိုဂျက်တာ ရုပ်ပုံဖြင့် ရှင်းလင်းသည်။

ဆက်လက်၍ မူဆယ်အထူး ဖွံ့ဖြိုးရေးဇုန်အနေဖြင့် မူဆယ်လေယာဉ်ကွင်းသစ် ဖောက်လုပ်မည့်ထူးကုမ္ပဏီမှ စီမံကိန်းတာဝန်ခံ ဦးတင်အောင်က တင်ပြရာတွင် မူဆယ်လေယာဉ်ကွင်းသစ်ကို မူဆယ်-လားရှိုးပြည်ထောင်စုလမ်းမဘေးရှိ မူဆယ်မြို့မှ ၁၂ မိုင်အကွာတွင် မြေပြုပြင်ခြင်းစတင်နေပြီဖြစ်ကြောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းသည်။

ဆက်လက်၍ အဆင့်မြင့်ဟိုမွန် အဝေးပြေးယာဉ်ရပ်နားစခန်း ဆောက်လုပ်နေသည့် သိန်းသန်းချီ ဆောက်လုပ်ရေးကုမ္ပဏီနှင့် အကျိုးတူပူးပေါင်း ဆောက်လုပ်သော စည်ပင်သာယာရေးဦးစီးဌာနမှ အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းက မြို့ပြမြေ ၁၃ ဒသမ ၆၉ ဧကအပေါ်တွင် ဆောက်လုပ်နေသည့် အဆင့်မြင့်ဟိုမွန် အဝေးပြေးယာဉ်ရပ်နားစခန်း ဆောက်လုပ်နေမှု အခြေအနေကို ရှင်းလင်းခဲ့ကြောင်း သိရသည်။ ဆက်လက်၍ မူဆယ်မြို့ပြ-မြို့ရှောင်လမ်း ၅ ဒသမ ၅ မိုင်နှင့် တရုတ်နိုင်ငံကျင်စန်းကျော့သို့ တိုက်ရိုက်ဖောက်လုပ်မည့် ၁၂ မိုင်အရှည် အဆင့်မီ ကတ္တရာလမ်းမကြီး ဖောက်လုပ်မည့် စီမံကိန်းကို Asia World Co.,Ltd. မှ စီမံကိန်းတာဝန်ခံက ရှင်းလင်းပြီး ဒေသခံတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဖြစ်ကြောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် IGE Co.,Ltd. ကုမ္ပဏီမှ အကောင်အထည်ဖော်လိုသည့် မူဆယ်ဒေသ မြေဧက ၂၀၀၀၀ ကျော်တွင် ဖွံ့ဖြိုးရေးအထူးဇုန်စီမံကိန်းကို ဒုတိယအထွေထွေမန်နေဂျာ ဦးမောင်မောင်မြင့်ကလည်းကောင်း၊ နိုင်ငံတကာအဆင့်မီ ရွှေသမင်ဂေါက်ကွင်း ဆောက်လုပ်နိုင်ရေးအတွက် စတင်အကောင်အထည်ဖော်မည့် မူဆယ်-ရွှေလီ တိုင်းရင်းသား ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်ဦးက လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထိုသို့ ရှမ်းပြည်နယ် သစ်တောနှင့် သတ္တုရေးရာဝန်ကြီး ဦးစိုင်းအိုက်ပေါင်းနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များက ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ပြောဆို ဆွေးနွေးကြရာ မူဆယ်မြို့သည် အနာဂတ်တွင် မြို့ပြကြီးအသွင် နိုင်ငံတကာအဆင့်မီ နိုင်ငံ၏ဂုဏ်ဆောင်မြို့အဖြစ် စနစ်သစ်နှင့်အတူ အသွင်သစ်သို့ တိုင်းရင်းသားများ ဆန္ဒအတိုင်း လုပ်ငန်းရှင်များက အရင်းအနှီးစိုက်ထုတ်လျက် တည်ဆောက်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

ခမောက်ကြီးမြို့နယ်ခွဲတွင် ဘိန်းစာမှုန့်များ ဖမ်းဆီးရမိ

ခမောက်ကြီး ဩဂုတ် ၁၇

ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲတွင် ဩဂုတ် ၁၆ ရက် နံနက် ၅ နာရီက ကော့သောင်းမူးယစ်အထူးတပ်ဖွဲ့မှ ရဲအုပ်သိန်းငွေ၊ ခမောက်ကြီးရဲစခန်းမှ ဒုရဲအုပ်ဇော်မင်းထွန်းနှင့်ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဘုတ်ပြင်း-ကော့သောင်းခရီးသည်တင်မော်တော်ယာဉ်ပေါ်၌ မူးယစ်ဆေးဝါးများပါရှိလာကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် ဘုတ်ပြင်းမှ ကော့သောင်းသို့ ယာဉ်မောင်းသန်းစိုးမောင်းနှင်သည့် ယာဉ်အမှတ် ၉ခ/ ---ခရီးသည်တင် မှန်လုံမော်တော်ယာဉ်ကို ရှာဖွေစစ်ဆေးရာ ယာဉ်ရှေ့ပိုင်း ကားစတီယာတိုင်အောက်စက်ခုံအတွင်းမှ ဘိန်းစာမှုန့် ၆၀ ကီလိုဂရမ်ပါ အထုပ်ကို ရှာဖွေတွေ့ရှိဖမ်းဆီးရမိသည်။

(မြို့နယ် ပြန်/ဆက်)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နောင်ချိုတွင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

လားရှိုး ဩဂုတ် ၁၇

ဩဂုတ် ၁၅ ရက်တွင် လားရှိုး (မူးယစ်)နောင်ချိုလှုပ်ရှားမှု ရဲအုပ်ငြိမ်းချမ်းဦးစီးအဖွဲ့သည် သတင်းအရ ရှောင်တခင်စစ်ဆေးရာ နောင်ချိုမြို့အဝင် မိုင်တိုင်အမှတ် (၈၇/၅) နမ့်လန်မှ မန္တလေးသို့ ယာဉ်မောင်း ဦးအိုက်လူမောင်းနှင်လာသော မှန်လုံယာဉ်အမှတ် ၅ခ/. . . ကို စစ်ဆေးရာ ခရီးသည် မခင်ဌေး၏ ဆွဲခြင်းအတွင်းမှ ပလတ်စတစ်အိတ်ဖြင့်ထည့်ထားသည့် ဘိန်းစိမ်း အလေးချိန် ၆၅၅ ဂရမ်ပါတစ်ထုပ်၊ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ လားရှိုးမှမန္တလေးသို့ ယာဉ်မောင်း ဦးညဏ်လင်းအောင် မောင်းနှင်သော ၂ခ/. . . မှန်လုံယာဉ်မှ ခရီးသည် ထွန်းထွန်းနိုင်၏ ဘောင်းဘီအတွင်းမှ ပလတ်စတစ်ကပ်ခွာဖြင့် ထည့်လျက် 88 နှင့် 1စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွမူးယစ်ဆေးပြား ၃၅၀ (အလေးချိန် ၃၁ ဒသမ ၅ ဂရမ်)ကို တွေ့ရှိသဖြင့် ၎င်းတို့နှစ်ဦးအား နောင်ချိုမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မအရ အရေးယူထားကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

တာမွေမြို့နယ်အတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၁၇

တာမွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဩဂုတ် ၁၅ ရက် ညနေ ၆ နာရီ ၂၅ မိနစ်က မူးယစ်ဆေးဝါးသတင်းအရ တာမွေမြို့နယ် ကျောင်းရှေ့ရပ်ကွက် ကျောက်ရေတွင်းလမ်း အထက(၂) ကျောင်းရှေ့တွင် စောင့်ဆိုင်းနေစဉ် သတင်းရရှိသူ မသင်းသင်းမာ မြောက်ဥက္ကလာပမြို့နယ်နေသူကို တွေ့ရှိရှာဖွေရာ ၎င်းဝတ်ဆင်ထားသော အပြာရောင် ဂျင်းဘောင်းဘီတို၏ ယာဘက်ရှေ့အိတ်အတွင်းမှ WY စာတန်းပါ နီညိုရောင် စိတ်ကြွဆေးပြား ၂၀၊ အလေးချိန်နှစ်ဂရမ်ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် တာမွေမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားရှိခဲ့ကြောင်း သိရသည်။

အဆိုပါအမှုမှ မသင်းသင်းမာ၏ ကွင်းဆက်ဖော်ထုတ်ချက်အရ ည ၁၀ နာရီ ၁၅ မိနစ်တွင် တာမွေမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ နိုင်ထွန်း၏ နေအိမ်သို့ဆက်လက်ရှာဖွေရာ နေအိမ်ဧည့်ခန်း ဘုရားစင်သစ်သားဗီရိုအောက်အဆင့်တွင်ထည့်ထားသော WY စာတန်းပါ နီညိုရောင်စိတ်ကြွဆေးပြား ၁၈၀၊ အလေးချိန် ၁၈ ဂရမ်အပြင် ငွေစက္ကူရောရာငွေကျပ် ၃၀၀၀၀၊ နေအိမ် အိပ်ခန်းအတွင်းမှ မူယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့်ပိုက်တပ်ဆင်ထားသော ရေသန့်ဘူးတစ်ဘူး၊ ရေသန့်ဘူးသေးတစ်ဘူး၊ အစိမ်းရောင် ပလတ်စတစ်ဘူးတစ်ဘူး၊ ဖန်ပုလင်းငယ်တစ်ဘူး၊ ငွေရောင်ခဲပြားလိပ်တစ်ခုတို့ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် တာမွေမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားရှိကြောင်း ထပ်မံသိရှိရသည်။

စိုးဝင်း(SP)

အမှာစကား အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။

မြန်မာ့ရေတနာ အဆေးပေါက်ဝင် သနပ်ခါးကိုရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

သမီးက မန္တလေးမြို့ နည်းပညာတက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာ ကျောင်းသူတစ်ဦးဖြစ်ပါတယ်။ ကျောင်းသို့နေ့စဉ် ဆိုင်ကယ်နဲ့သွားရသောကြောင့် နေပူလေပူဒဏ်ခံရပြီး အထူးသဖြင့် သမီး၏မျက်နှာနှင့်လက်များတွင် နေလောင်ကွက်များရှိလာပြီး သမီး၏မျက်နှာမှာ အဆီပြန်၍ ဝက်ခြံလေးများထွက်လာပါတယ်။ တက္ကသိုလ်ကျောင်းသူတစ်ဦးမို့ သူငယ်ချင်းများအလယ်မှာ စိတ်အားငယ်မိတာပေါ့။ အခြားနေလောင်ခံ Cream နှင့် ဝက်ခြံပျောက်ဆေးများသုံးစွဲသော်လည်း သမီး၏ အသားအရေနှင့် ဓာတ်မတည့်၍ လားမသိ။ မသက်သာဘဲ ရှိနေပါသည်။ သူငယ်ချင်းများမှ **ရွှေပြည်နန်းသံပုရာသနပ်ခါး** သုံးကြည့်ပါလား။ သံပုရာသီးနဲ့လုပ်ထားလို့ အဆီလည်းမပြန်ဘူး။ ဝက်ခြံလည်းပျောက်တယ်ဟု ပြော၍ သုံးကြည့်မိပါတယ်။ တစ်လခန့်ဆက်တိုက်လိမ်းကြည့်သောအခါ နေလောင်ကွက်များနှင့်ဝက်ခြံများသည် သိသိသာသာ ပျောက်ကင်းသွားသည့်အပြင် မျက်နှာအသားအရေသည်လည်း အဆီမပြန်တော့ဘဲ ဖြူဖြူညက်ညက်လေး ဖြစ်လာသည်ကို စိတ်ကျေနပ်ဖွယ်တွေ့မြင်ရပါတယ်။ အခုတော့ သူငယ်ချင်းများအလယ်မှာ ဂုဏ်ကြွားစွာနေနိုင်ပြီပေါ့။ သံပုရာရနံ့လေးမွှေး၍ စိတ်ကိုလန်းဆန်းစေသော **ရွှေပြည်နန်းသဘာဝအသားဖြူသနပ်ခါး**ကို ဤစာမှတစ်ဆင့် **"ကျေးဇူးပါ ရွှေပြည်နန်း"** ရယ်ဟု ပြောပြလိုက်ချင်ပါတယ်။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မကျော့ကေသီအောင်၊ B-Tech (2 nd year)၊ Civil၊ TU (Mandalay)။

မကျော့ကေသီအောင်၏ပေးစာတွင် ဖော်ပြထားသော အကြောင်းအရာအချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်မကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့ အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

ဒေါ်နိုင်ခင်ဆိမ့်၊ သရုပ်ပြ (Civil) နည်းပညာတက္ကသိုလ်၊ မန္တလေးမြို့

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်အသတ်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

BFAD Philippines

Halal Certificate

FDA (Thailand)

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ပြည်တွင်းသတင်း

ဓာတုပဗေဒဆေးသုံးစွဲမှုနည်းသော မြန်မာ့ဆန်များကိုသာ ဂျပန်နိုင်ငံက ဝယ်ယူမည်

ရန်ကုန် သြဂုတ် ၁၇

ဂျပန်နိုင်ငံမှ မြန်မာ့ဆန် တန်ချိန် ခြောက်သိန်းကျော် ဒုတိယအကြိမ် ဝယ်ယူခြင်းမှာ မြန်မာ့ဆန်သည် ဓာတုဗေဒဆေးသုံးစွဲမှုနည်းသောကြောင့်ဖြစ်သည်။ "ဂျပန်နိုင်ငံက ပထမအကြိမ် တန်ချိန်ငါးသောင်းကို ဇွန်လက ဝယ်ယူထားကြောင်း၊ ယခုအခါတွင် ဂျပန်နိုင်ငံမှ ဆန်တန်ချိန်များစွာ ဝယ်ယူလိုကြောင်း၊ ဝယ်ယူရာတွင် စက်တင်ဘာလ၌ ဂျပန်ဆန်တင်ဒါကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ယခင်ကဂျပန်နိုင်ငံသည် အာမခံပေးနိုင်သည့် အမေရိကန်နှင့် ထိုင်းနိုင်ငံမှ ဆန်များကိုသာ ဝယ်ယူခဲ့ကြောင်း၊ ယခုနှစ်ဇွန်လတွင် မြန်မာ့တန်းမြင့်ဆန်(ဆင်းသွယ်လတ်) တန်ချိန်ငါးသောင်းကို ဂျပန်သို့ တင်ပို့ခဲ့ကြောင်း၊ ယခုလိုဝယ်ယူခြင်းသည် နှစ်ပေါင်း ၄၅ နှစ်ကြာမြင့်မှ ဝယ်ယူခြင်းဖြစ်ကြောင်း၊ ယင်းတင်ပို့မှုသည် စစ်ဆေးမှုအဆင့်ဆင့်ဖြတ်ကျော် Non GMC စစ်ဆေးမှုနှင့် ဖြတ်ကျော်ပြီးမှသာ တင်ပို့မှုရရှိခဲ့ကြောင်း၊ ဂျပန်က ဓာတုဗေဒဆေးသုံးစွဲမှုနည်းသော မြန်မာ့ဆန်ကိုသာသုံးစွဲလိုသည့်အတွက် တင်ပို့မှုရရှိခဲ့ကြောင်း၊ မြန်မာ့ဒေသ မျိုးရင်းဆန်စပါးများဖြစ်သည့် မှော်ဘီ(၂) အင်းမရဲဘော်တို့ကိုသာဝယ်ယူလိုကြောင်း" ဆန်စပါးအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးထံမှ သိရသည်။

ညီညီ

ကုန်ရထားဖြင့် ရန်ကုန်-မန္တလေး ကုန်ပို့ခ နေ့စဉ်ပြောင်းလဲမှုရှိ

ရန်ကုန် သြဂုတ် ၁၇

အဝေးပြေး ကုန်တင်ယာဉ်ကားခနှုန်းများ ရန်ကုန်မှ မန္တလေးခရီးစဉ်တွင် ယခုလပိုင်း ပြောင်းလဲမှုနည်းသော်လည်း ကုန်တွဲရထားဖြင့် ကုန်ပို့ခမှာမူ နေ့စဉ်ပြောင်းလဲမှုရှိနေကြောင်း ရထားနှင့် ကားနှစ်မျိုးစလုံးဖြင့် မန္တလေးသို့ ကုန်ပို့သူ ဘုရင့်နောင်ပွဲရုံဝင်းမှ ဆန်ကုန်သည်တစ်ဦးက ဆိုသည်။

ရန်ကုန်မှ မန္တလေးသို့ ယခုရက်ပိုင်း ဆန်တစ်အိတ် ကားခ ငွေကျပ် ၁၆၀၀နှုန်းရှိကြောင်း၊ရန်ကုန်မှ မူဆယ်သို့ ဆန်တစ်တန်လျှင် ကားခ ငွေကျပ် ၅၅၀၀၀ နှုန်းရှိနေရာမှ သြဂုတ် ၁၅ ရက်တွင် ငွေကျပ် ၅၈၀၀၀ နှုန်းသို့ ပြောင်းလဲလာသော်လည်း မန္တလေး ကားခ ပြောင်းလဲမှုမရှိခြင်းမှာ ကုန်ရထားတွဲဖြင့် ကုန်ပို့၍ရနေခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။

ရန်ကုန် (မလွန်ကုန်း)မှ မန္တလေး (မြို့ဟောင်း)သို့ ကုန်ရထားတွဲဖြင့် တင်ဆောင်ရာတွင် ဆန်တစ်အိတ်လျှင် ရထားခ(တွဲတင်ခအပါအဝင်) ငွေကျပ် ၁၂၅၀ ခန့်ရှိပြီး ရန်ကုန်နှင့် မန္တလေးတို့တွင် ခေါက်တိုကားခ ငွေကျပ် ၁၅၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၅၅၀ ကျသင့်ကြောင်း၊ ကုန်ရှားသော မိုးရာသီတွင် ကုန်ရထားတင်ဆောင်ခွင့်ရရှိသူများသည် ရထားဖြင့် တင်ပို့ကုန်ရရှိမှုအပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲတတ်ရာ ဇူလိုင် ၁၇ ရက်တွင် ဆန်တစ်အိတ် ၁၂၅၄ ကျပ်နှုန်း၊ သြဂုတ် ၃ ရက်တွင် ၁၃၃၆ ကျပ်နှုန်း၊ သြဂုတ် ၁၄ ရက်တွင် ၁၁၀၆ ကျပ်နှုန်းရှိခဲ့ပြီး သြဂုတ် ၁၇ ရက်အတွက် ကုန်ရထား ဆန်တစ်အိတ် ကုန်ပို့ခ ၁၁၆၆ ကျပ်၊ သြဂုတ် ၁၉ ရက်ဆိုလျှင် ကျပ် ၁၂၅၀ ဖြစ်နေကြောင်း သိရသည်။

လက်ရှိ ရန်ကုန်-မန္တလေးကားခ ဆန်တစ်အိတ် ငွေကျပ် ၁၆၀၀ နှုန်းဖြင့်တွက်လျှင် ၂၂ ဘီးနောက်တွဲယာဉ် တစ်စီးလျှင် ကားခ ငွေကျပ် ၁၀ သိန်းဝန်းကျင်ရရှိကြောင်း၊ ရထားကုန်ပို့ခနှင့် ရန်ကုန်-မန္တလေး ခေါက်တိုကားခများ ထည့်တွက်လျှင် ၂၂ ဘီးကားခနှင့် ရထားပုံမှန်(တရားဝင်)ဈေးနှုန်း အတူတူပင်ဖြစ်ကြောင်း၊ ရထားကုန်ပို့ခနှုန်းမှာ ကုန်ရရှိသည့်အခြေအနေပေါ်မူတည်၍ ငွေကျပ် ငါးသောင်းလျှော့တစ်သိန်းလျှော့ စသည်ဖြင့် နေ့စဉ် ရထားကုန်ပို့ခနှုန်း ပြောင်းလဲမှုရှိတတ်သည်ဟု ရထား၊ ကား နှစ်မျိုးအသုံးပြု ကုန်တင်ပို့သူတစ်ဦးက ဆိုသည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၇-၈-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၇၀၃၅၀၀-၆၆၂၁၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၇၀၃၀၀၀-၆၆၂၁၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၀- ၉၇၈	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၁ - ၁၃၁၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၃ - ၇၇၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၅ - ၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၂ - ၁၅. ၈	ကျပ်
တရုတ်	တစ်ယွမ်	၁၅၄ - ၁၅၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၁ - ၂၉၆	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၅၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၁၈၀၀ - ၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၇၀၀ - ၆၈၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၅၀၀ - ၆၂၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၂၀၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀ -၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀ -၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀ - ၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀ -၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၈၄၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၃၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၂၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၆၀-၇၃၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။ ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၁၅-၁၀၅၀
၉။ အာလူး(အောင်ပန်း)	တစ်ပိဿာ	၄၂၀-၄၆၀
၁၀။ ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၃၀၀-၂၃၅၀
၁၁။ ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၅၀-၁၀၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ဒါရီထွေး ၄/ဟခန(နိုင်) ၀၀၇၀၈၇၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် PP-၆၆၅၀၉၁သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၉၅၅၂၈

အိမ်နှင့်ခြံရောင်းမည်

ပေ(၂၀×၆၀)၊ နှစ် ၆၀ ဂရန် ရေမီးစုံ-အောင်သိဒ္ဓိလမ်း၊ မောင်းမကန်လမ်းမကြီးကျောကပ်၊ (၂၀)ရပ်ကွက်၊ တောင်ဒဂုံ ဖုန်း-၀၉-၃၁၅၅၄၆၀၅

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စက်မှုမြေကွက်များ လေလံတင်ငှားရမ်းရေးအဖွဲ့ လေလံအစီအစဉ်ကြေညာခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စက်မှုဇုန်အပိုင်း (၁)၊ (အင်းဝလမ်းနှင့် ရန်ကုန်-မန္တလေး မီးရထားလမ်းဘေးရှိ) စက်မှုဇုန်မြေကွက် ၂၉ ကွက်၊ ခန့်မှန်းခြေ မြေဧရိယာ ၆၁ ဒသမ ၅၉၂ဧကအား ငှားရမ်းအသုံးပြုနိုင်ရန်အတွက် နိုင်ငံသားလုပ်ငန်းရှင်များနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များအား လေလံစနစ်ဖြင့် ငှားရမ်းဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။ ပါဝင်ဆောင်ရွက်မည့် နိုင်ငံသား/နိုင်ငံခြားသားလုပ်ငန်းရှင်များက အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်-

(က) စိတ်ဝင်စားကြေးအဖြစ် ငှားရမ်းဆောင်ရွက်မည့် တစ်ဧကအတွက် ကျပ်သိန်း ၁၀၀ နှုန်းပေးသွင်းရပါမည်။

(ခ) အကွက်အမှတ် (၁၈၅)မှ (၁၉၇)အထိ (၁၃)ကွက်၊ မြေ ၂၇ ဒသမ ၅၁၈ဧကကို တစ်ပေါင်းတည်း၊ တစ်ကွက်တည်း သတ်မှတ်၍ လေလံတင်ငှားရမ်းပါမည်။

(ဂ) ကျန်မြေ ၃၄ ဒသမ ၀၇၄ဧကအား ၁၆ ကွက်အဖြစ် သတ်မှတ်၍ တစ်ကွက်ချင်း လေလံတင် ငှားရမ်းပါမည်။

(ဃ) နိုင်ငံသားလုပ်ငန်းရှင်များနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များ မည်သူမဆို လေလံဆွဲငှားရမ်းခွင့်ရှိပါသည်။

(င) လေလံအောင်မြင်ပြီးသော နိုင်ငံခြားသားလုပ်ငန်းရှင်များက လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြအတည်ပြုချက်ရရှိမှသာ လုပ်ငန်းဆောင်ရွက်ခွင့်ရှိမည်ဖြစ်ပါသည်။

(စ) လေလံအောင်မြင်ပြီးသူများသည် (၅)နှစ်အတွင်း အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ မြေကွက်များအား အမည်ပြောင်းလဲခွင့်မရှိဘဲ နိုင်ငံခြားသားများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဥပဒေနှင့်အညီ တင်ပြလျှောက်ထား၍ ဆောင်ရွက်နိုင်ပါသည်။

(ဆ) လေလံအောင်မြင်သူများအနေဖြင့် စာချုပ်ချုပ်ဆိုသည့်အချိန်မှ (၃)လအတွင်း စက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ရမည်။

၂။ ၄-၉-၂၀၁၃ ရက်တွင် လေလံပြိုင်ပွဲကျင်းပပါမည်။

၃။ လေလံစည်းကမ်းချက်များကို ၇-၈-၂၀၁၃ရက်မှ ၃-၉-၂၀၁၃ရက်အထိ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ဌာနစု(၂)တွင် ရုံးချိန်အတွင်း တစ်စုံလျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၁၁၃၇၀၊ ၀၁-၂၁၇၅၃၉သို့ ဆက်သွယ်နိုင်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနက လှိုက်လှဲစွာ ကျေးဇူးတင်ရှိခြင်း

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာတိုင်းရင်းသားယဉ်ကျေးမှု ကျောင်းသား/ကျောင်းသူ လူငယ်အင်အား ၈၀၀၀ ခန့် လေ့ကျင့်လျက်ရှိပါသည်။ ကပြလေ့ကျင့်သူများအတွက် အခြေခံလိုအပ်ချက်များကို စေတနာရှင်များက လှူဒါန်းလျက်ရှိရာ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်မည့် ဖျော်ဖြေရေးအဖွဲ့ဝင်များ ဇာတ်ဝင်ကပြသူများကို မုန့်ဖိုးသုံးစွဲရန် လှူဒါန်းမှုတွင် ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်းပါသော KBZ ဦးအောင်ကိုဝင်းအားလည်းကောင်း၊ ငွေကျပ်သိန်း ၅၀၀ လှူဒါန်းပါသော ဦးဝင်းအောင် ဥက္ကဋ္ဌ မြန်မာဂိုးလ်ဝင်းဆောက်လုပ်ရေးကုမ္ပဏီအားလည်းကောင်း၊ ငွေကျပ်သိန်း ၂၀၀ လှူဒါန်းပါသော ဇေကမ္ဘာလုပ်ငန်းစုအားလည်းကောင်း၊ လေ့ကျင့်ရေးဝတ်စုံများ လှူဒါန်းမှုတွင် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ လေ့ကျင့်ရေးဘောင်းဘီရှည်အထည် ၂၀၀၀၊ Pepsi အချိုရည်၊ ပဲနို့အချိုရည်နှင့် Premier Coffeemix တို့အား ဒုတိယအကြိမ် လှူဒါန်းပါသော ဦးထွန်းရင် Capital Diamond Star Group အားလည်းကောင်း၊ တီရှပ်အင်္ကျီ အထည် ၁၀၀၀၀ လှူဒါန်းပါသော မြန်မာမင်္ဂလာနှင့် Next Media Co.,Ltd အဖွဲ့အားလည်းကောင်း၊ တီရှပ်အင်္ကျီ အထည် ၄၀၀၀ လှူဒါန်းပါသော JK Consultant management Co.,Ltd အားလည်းကောင်း၊ ရောင်စုံပဝါအထည် ၂၀၀၊ အလှကုန်ပစ္စည်းနှင့် Fresh D ဓာတ်ဆားထုပ်အထုပ် ၃၀၀၀ လှူဒါန်းပါသော ဒေါ်နန်းဆိုင်လာ(ယုန်းကြည်ကုမ္ပဏီ)အားလည်းကောင်း၊ ရောင်စုံပိတ်လိပ်ကိုက် ၅၀ ပါ ၁၄ လိပ်ကို လှူဒါန်းပါသော ဒေါ်ရော်စိုင်းရီ(ခ) ဒေါ်အားမိန်အားလည်းကောင်း၊ အမျိုးသမီးဝတ်အင်္ကျီအထည် ၅၀၀ နှင့် မြန်မာသံစုံတီးဝိုင်း၊ မြန်မာဝတ်စုံ အစုံ ၁၃၀ စုံ လှူဒါန်းပါသော ဒေါ်ဖြူဖြူစိမ်း (ချိုချိုဖြူ ကုမ္ပဏီလီမိတက် Spike Collection)အားလည်းကောင်း၊ ဖျော်ဖြေတင်ဆက်မှုတွင် အသုံးပြုမည့်ဝတ်စုံများ လှူဒါန်းမှုတွင် ရှေ့ဆောင်လူငယ်အဖွဲ့ ဝတ်စုံ အစုံ ၂၈၀ နှင့် လေ့ကျင့်ရေးတီရှပ်အထည် ၁၀၀၀၀ လှူဒါန်းပါသော ဒေါက်တာဝင်းနန္ဒာသိုက် (i-max)အားလည်းကောင်း၊ ရန်ကုန်မြို့တွင် ပြုလုပ်မည့် လက်ကိုင်မီးထွန်းညှိတိုင် လက်ဆင့်ကမ်းသယ်ယူမှုတွင် အသုံးပြုရန် ဝတ်စုံ အစုံ ၆၀ ကို လှူဒါန်းပါသော ဆက်လက်ကောင်း ထင်ကျော်ကျော် (Designer) အားလည်းကောင်း၊ မြန်မာအမျိုးသမီးဝတ်စုံ အစုံ ၅၀ လှူဒါန်းပါသော ဒေါ်ယဉ်သူဆွေ Fashion Village အားလည်းကောင်း၊ အပျိုတော်ဝတ်စုံ အစုံ ၂၀ လှူဒါန်းပါသော ဒေါ်ရင်ရွှင်(New Star ရတနာဆိုင်)အားလည်းကောင်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲ ဖျော်ဖြေတင်ဆက်မှုများတွင် ပါဝင်မည့် တေးသံရှင်များ ဝတ်ဆင်ရန် ပိုးထည်နှင့် ချိတ်လုံချည် အစုံ ၃၀ လှူဒါန်းပါသော ရွှေဆင်တိုင်းပိုးထည်တိုက်အား လည်းကောင်း၊ ဆိုင်းဘုတ်ကိုင် အမျိုးသမီးဝတ်စုံ ၁၇၆ စုံ လှူဒါန်းပါသော Myanmar Fashion Designer Group အားလည်းကောင်း၊ ဖျော်ဖြေရေးသုံး အထောက်အကူပစ္စည်းများ လှူဒါန်းမှုတွင် ချာလီထီးအလက် ၁၀၀၀ ကို လှူဒါန်းပါသော Dentsui Sports Asia Co.,Ltd အားလည်းကောင်း၊ ပလတ်စတစ်ထိုင်ခုံအလုံး ၄၀၀၀ ကို လှူဒါန်းပါသော သော်တာဝင်းကုမ္ပဏီအားလည်းကောင်း၊ အမှိုက်ပုံး အလုံး ၅၀ လှူဒါန်းပါသော မန်းမြန်မာဟိုတယ်အားလည်းကောင်း၊ tambourine အခု ၁၁၀ လှူဒါန်းပါသော ဦးကျော်နိုင်-ဒေါ်ဒေါ်ရစ်(77 Cake)အားလည်းကောင်း၊ ပုသိမ်ထီးအလက် ၅၀၀ လှူဒါန်းပါသော ဒေါ်စန်းစန်းဦး(ဘုတ်ဆုံမငရုတ်သီးမှုန့်)အားလည်းကောင်း၊ ဖျော်ဖြေရေးအဖွဲ့ဝင်များ လေ့ကျင့်စဉ်လိမ်းခြယ်ရန် သနပ်ခါးဘူး ၈၀၀၀ လှူဒါန်းပါသော ဒေါ်သီသနပ်ခါးအားလည်းကောင်း၊ ခေါင်းလျှော်ရည် ၁၀၈၀၀၀ ထုပ်ကို လှူဒါန်းပါသော Beauty ခေါင်းလျှော်ရည်အားလည်းကောင်း၊ ဆပ်ပြာမှုန့်အထုပ် ၅၀၀၀ လှူဒါန်းပါသော First Top Co.,Ltd အားလည်းကောင်း၊ ကော်ဖီထုပ်အထုပ် ၄၀၀၀၀ လှူဒါန်းပါသော Super Coffeemix အားလည်းကောင်း၊ Winter Melon Tea ၁၅၆၀၀၀ ဘူးနှင့် ပဲနို့ဘူး ၆၀၀၀ လှူဒါန်းပါသော Fortune Far East Co.,Ltd အားလည်းကောင်း၊ ဓာတ်ဆားထုပ် ၅၅၀၀၀ ထုပ် လှူဒါန်းပါသော ဦးဇော်မိုးခိုင်-ဒေါက်တာစောနေနွယ်(AA Medical Product Co.,Ltd)အားလည်းကောင်း၊ ဓာတ်ဆားထုပ် ၂၈၀၀၀ လှူဒါန်းပါသော ဦးမင်းဦး(Xenon Co.,Ltd) အားလည်းကောင်း၊ သောက်ရေသန့် ၀.၆ လီတာဘူး ၂၅၅၀၀၀ လှူဒါန်းပါသော Alpine သောက်ရေသန့်အားလည်းကောင်း၊ မြေပြင်ခင်းလေ့ကျင့်ရေးဇာတ်ခုံပြုလုပ်ရန် ငါးထပ်သား (၈ပေ×၄ပေ) အချပ် ၂၀၀၀ လှူဒါန်းပါသော (ပွဲပြီးသည့်အခါ ကျေးလက်စာသင်ကျောင်းများသို့ ဆက်လက်လှူဒါန်းပေးရန် ဖြစ်ပါသည်) Olympic Co.,Ltd အားလည်းကောင်း၊ လိုအပ်ချက်အသီးသီးကို ဖြည့်တင်းလှူဒါန်းပေးပါသော အားကစားပြိုင်ပွဲကျင်းပရေး ဗဟိုကော်မတီ၊ အားကစားဝန်ကြီးဌာနအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန
ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန်
ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ

နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တနိပုဏ ဘဝနတ်ထံပျံလွန်

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးမြို့ ပန်းလှိုင်စာသင်တိုက်၏ ဒုတိယပဓာနနာယက ဆရာတော် သက်တော် (၉၆)နှစ် သိက္ခာတော်(၇၆)ဝါရှိ ဘဒ္ဒန္တနိပုဏ (အဂ္ဂမဟာပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ)သည် ၁၃၇၅ ခုနှစ် ဝါခေါင်လဆန်း ၇ ရက် (ဩဂုတ် ၁၃ ရက်) ညနေ ၅ နာရီ ၃၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တသာသန ဘဝနတ်ထံပျံလွန်

နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတော်ဩဝါဒါစရိယ ပဲခူးမြို့ ပန်းလှိုင်စာသင်တိုက်၏ ပဓာနနာယက သက်တော်(၈၆)နှစ် သိက္ခာတော် (၆၆)ဝါရှိ ဘဒ္ဒန္တသာသန(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)သည် ၁၃၇၅ ခုနှစ် ဝါခေါင်လဆန်း ၆ ရက် (ဩဂုတ် ၁၂ရက်) ည ၉ နာရီ ၃၇ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကူးစက်ရောဂါကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၇

နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်ရှိ မဟာဝိဇိတာရုံ စာသင်တိုက်အတွင်းရှိ ရေတွင်းရေကန်များအား ကူးစက်ရောဂါကာကွယ်ရေးအနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်ရာတွင် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းရွှေ၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်၊ ရောဂါနှင့် ဗဟိုငှက်ဖျားဌာနမှ ဒေါက်တာ ခင်နန်းလုံနှင့်အဖွဲ့၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန္ဒာလှိုင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောင်ကံပို)

ကိုကိုရှ(နေပြည်တော်)

မီးဘေးလုံခြုံရေးတာဝန်ခံ သင်တန်းအမှတ်စဉ်(၄)ဆင်း

ရန်ကုန် ဩဂုတ် ၁၇

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန မီးဘေးလုံခြုံရေးတာဝန်ခံ သင်တန်းအမှတ်စဉ်(၄)ဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ မီးသတ်သုတေသနနှင့် မီးဘေးလုံခြုံရေးအသိပညာပေးရေးဌာန၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းသို့ စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ ကုမ္ပဏီများ၊ ဈေးများ၊ မီးဘေးစိုးရိမ်ရသောလုပ်ငန်းများတွင် မီးဘေးလုံခြုံရေးတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်မည့်သူများနှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာတည်းသို့ပေးစာများ

သံပန်းအလုပ်ရုံမှ အနံ့ဆိုးမခံနိုင်

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် မြင်သာ ၆ လမ်းရှိ သာသနမဂ္ဂဓမ္မာရုံ ခြံဝင်းအတွင်းရှိ အငှားသံပန်းအလုပ်ရုံမှ ထွက်ရှိသော သံဂဟေဆော်ခြင်း၊ သံချောင်းပွတ်ခြင်း၊ ဆေးမှုတ်ဆေးသုတ်ခြင်း၊ သံချောင်း သံပိုက်လုံးများ ဖြတ်တောက်ခြင်းမှ ထွက်ရှိသော ထုရိုက်သံနှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်မှုများ ကြုံတွေ့နေရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ညော်နံ့ဆိုးမခံနိုင်သူ**

စွန့်ပစ်အမှိုက်ပုံကြီးမှ အနံ့များဆိုးရွား

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းမကြီး ၁၁ လမ်းနှင့် ၁၂ လမ်းကြားတွင် မြို့နယ်စည်ပင်သာယာရေးက လာရောက်အမှိုက်စွန့်ပစ်နေသည်။ ထိုအမှိုက်ပုံမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုများ ကြုံတွေ့နေရသည်။ မိုးရွာလျှင် အမှိုက်ပုံမှထွက်သည့် အပုပ်နံ့နံသော ရေဆိုးများကြောင့် လမ်းမကြီးပေါ်တွင် ညစ်ပတ်နံစော်နေသည်။ ထို့အပြင် အမှိုက်ပုံမှ ဝင်ငွေရှာသူများကြောင့် နေ့စဉ်မပြတ် အမှိုက်အနံ့ဆိုးများ ဆိုးရွားစွာခံစားနေရသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကူညီဖြေရှင်းပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်သည်။

အနံ့ဆိုးမခံနိုင်သူ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နောက်တိုးပင်စင် ခံစားလိုချင်

ကျွန်တော်သည် ရန်ကုန်တိုင်းဒေသကြီး မြေနီကုန်း စမ်းချောင်းမြို့နယ်တွင် နေထိုင်သော E ပင်စင်စား ကျောင်းဆရာအိုကြီးတစ်ဦးဖြစ်ပါသည်။ ပင်စင်လစာများကို နှစ်လလျှင်တစ်ကြိမ်ထုတ်ယူသည်။ အကြောင်းမှာ ကျွန်တော့်အသက်က ၉၀ ကျော်ဖြစ်၍ သွားရေးလာရေးအဆင်မပြေသဖြင့် ဖြစ်သည်။ ကျွန်တော့်ပင်စင်ကို မြန်မာ့စီးပွားရေးဘဏ်ခွဲ(၄)မှ ထုတ်ယူရသည်။ ယခုနောက်တိုး ပင်စင်လစာငွေကျပ် ၂၀၀၀၀ကို ပင်စင်ဦးစီးဌာနမှ တွက်ချက်ပြီး ဧပြီလမှစ၍ ထုတ်ပေးမည်ဆို၍ သတင်းစာများထဲတွင်လည်း ပင်စင်ဦးစီးမှ သက်ဆိုင်ရာဘဏ်များသို့ စာရင်းများပို့ပေးပြီးကြောင်း ပါရှိသဖြင့် ပင်စင်ထုတ်သည့်အခါတိုင်း သက်ဆိုင်ရာဘဏ်ငွေထုတ်ပေးသည့် ကောင်တာမှအမျိုးသမီးကို မေးကြည့်ရာ "ကျွန်မတို့ဆီမှာ ဘာအကြောင်းကြားစာမှ မရရှိသေးပါဘူး" ဟုသာ ပြောသည်။ ယခုဆိုလျှင် ထိုနောက်တိုးပင်စင်မရသည်မှာ ငါးလတိုင်တိုင်ရှိပါပြီ။ ကျွန်တော့်အသက်လည်း ၉၀ ကျော်ပါပြီ။ အိုနာသေရေးက အနေးနဲ့အမြန်ဆိုသလိုရောက်တော့မှာဖြစ်၍ ၎င်းနောက်တိုးပင်စင်လစာ ခံစားနိုင်မည်လား မသိတော့ပါ။ သို့ပါ၍ နောက်တိုးပင်စင် အမြန်ရရှိရေး ဆောင်ရွက်ပေးစေလိုပါသည်ခင်ဗျား။

E.ပင်စင်စားအဘိုးအို

ထမင်းဆိုင်နှင့်အမှိုက်ပုံ ရှင်းပေးပါ

ရခိုင်ပြည်နယ် စစ်တွေမြို့ ရေတွင်းလမ်း အစိုးရဘဏ်ကြီးအနီးတွင် ရောင်းချလျက်ရှိသော ထမင်းဆိုင်တစ်ဆိုင်မှ စွန့်ပစ်သော အညစ်အကြေးအမှိုက်သရိုက်များကြောင့် အနီးအနားရှိ နေအိမ်များနှင့် ရေမြောင်းများအတွင်းသို့ ကြွက်များနှင့် လမ်းမပေါ်တွင် ခွေးလေခွေးလွင့်များ သောင်းကျန်းလျက်ရှိနေသည်။ ၎င်းမှစွန့်ပစ်သော စားကြွင်းစားကျန် ရေဆိုးရေညစ်များမှာလည်း ရေမြောင်းအတွင်း ရေစီးဆင်းမှုကို အဟန့်အတားဖြစ်နေသည်။ အနီးအနားပတ်ဝန်းကျင်၌လည်း ညစ်ပတ်ပေကျံနေပါသဖြင့် ထမင်းဆိုင်နှင့် အမှိုက်ပုံများကို ဖယ်ရှားရှင်းလင်းပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။

ပတ်ဝန်းကျင်မှလမ်းသူလမ်းသားများ

ငါးပိသိုလှောင်မှုရှင်းလင်းဖယ်ရှားပြီး

ဇွန် ၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းမှူးထံပေးစာကဏ္ဍတွင် ပြည်မြို့ ရွာဘဲရပ်ကွက် အုန်းတော မင်္ဂလာလမ်းနှင့် မဟာဂန္ဓဝင်ကျောင်းလမ်းထောင့်ရှိ နေအိမ်ခြံဝင်းထဲတွင် ငါးပိသိုလှောင်ရောင်းချနေသောကြောင့် အနံ့ဆိုးများထွက်ပြီး ကျန်းမာရေးထိခိုက်ရပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် ဖော်ပြချက်ကို အဖွဲ့က ရှင်းလင်းဖယ်ရှားဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်)

‘ကံကောင်း’
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

ငွေးချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးခရိုင်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၈၆

၁။ ဒေါ်ယဉ်ယဉ်နု	နှင့်	၁။ ဒေါ်ကျောက်လန်
၂။ မပြုံး		၂။ ဦးစံသိန်း
၃။ ဒေါ်သန်းသန်းဆင့်(ခ)ရန်လွမ်းချင်း		၃။ ဒေါ်သီတာခိုင်
၄။ ဒေါ်ခင်ဝေ		
တရားလိုများ		**တရားပြိုင်များ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ကမ္ဘောဇလမ်း၊ အမှတ် (၄/၈)(ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်ကျောက်လန်၊ ဦးစံသိန်း၊ ဒေါ်သီတာခိုင်တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း ၇၈၀၁၁၁၀၀ိ/ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၂၃ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက် ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့်သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဩဂုတ် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ဒေါ်သန်းကြည် ၁၂/ဥကမ(နိုင်)၀၂၁၈၈၈၊ ဦးအောင်အောင်မျိုး ၁၂/ဥကမ(နိုင်)၀၀၉၃၃၃ တို့သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ညောင်ပင်လေးပလာဇာ၊ အမှတ် ၅၀၁ နေ ဦးမျိုးအောင် ၁၂/လမတ(နိုင်)၀၂၁၀၇၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ် ၄၁၁ ၁/၂ ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၂၀×၆၀) နှစ် ၆၀ ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဒေါ်သန်းကြည်ထံမှ ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဦးအောင်အောင်မျိုးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူလက်ရောက်ရရှိခဲ့ပါသည်။ ရောင်းချသူ ဦးအောင်အောင်မျိုးက ရောင်းချသည့် အိမ်မြေတို့နှင့် ပတ်သက်၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းရုံးတွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးမည်ဖြစ်ကြောင်း ကတိပြု၍ရောင်းချခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေက အိမ်မြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုလိုပါသဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ဆောင်ရွက်ပေးပါရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှကလျာဝင်း အထက်တန်းရှေ့နေ(စဉ်-၂၄၃၅၃)
ရုံးခန်းအမှတ် ၃၊ သမာဓိလမ်း၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးစိုးဝင်းနိုင်-ဒေါ်မိုးမိုးခိုင်တို့၏သား အလက၊ လက်ပံရပ် ပထမတန်း၌ ပညာသင်ကြားနေသော မောင်လွင်မိုးအောင်အား မောင်ထက်ဝေယံဟု ပြောင်းလဲခေါ်တွင်ပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်(၁၂၃၀)၊ အကျယ်အဝန်းပေ(၄၀×၆၀)ကေရှိ ဦးမျိုးမြင့် အမည်ပေါက် နှစ် ၆၀မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၂၃၀)၊ အောင်မင်္ဂလာလမ်း၊ ၄၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဦးမျိုးညွှန့်အောင် ၁၂/စခန(နိုင်)၀၀၃၈၁၃ထံမှ ကျွန်မ ဒေါ်မျိုးသူဇာ ၁၂/မဂဒ(နိုင်)၀၄၀၇၀၉က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိုးသူဇာ ၁၂/မဂဒ(နိုင်)၀၄၀၇၀၉
၁၁၂၊ ခတ္တာလမ်း၊ (၃၅)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလုတိုး

နိုင်ငံတကာအားကစားသတင်း

ပြင်သစ်ကွင်းလယ်ကစားသမား စပါးခေါ်ယူ

စပါးအသင်းက ပြင်သစ်ပထမတန်းကလပ် တူးလောက်မှ ကွင်းလယ်ကစားသမားကာပေါကို စာချုပ်လိုက်ပြီဖြစ်သည်။ အသက် ၂၅နှစ်အရွယ်ရှိ ပြင်သစ်ကွင်းလယ်ကစားသမား ကာပေါကို စပါးအသင်းက ပြောင်းရွှေ့ကြေးပေါင် ၉ သန်းဖြင့် စာချုပ်လိုက်ခြင်းဖြစ်သည်။ ၎င်းသည် စပါးက နွေရာသီတွင် ခေါ်ယူခဲ့သည့် လေးဦးမြောက် အားကစားသမားဖြစ်သည်။ ကာပေါသည် တူးလောက်အတွက် ၁၇၄ ပွဲတွင် ၁၃ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ချယ်လ်ဆီးဖလားရနိုင်

မော်ရင်ဟို၏ ချယ်လ်ဆီးအသင်းသည်ယခုနှစ်ပရီမီယာလိဂ်တွင်ဖလားဆွတ်ခူးနိုင်ကြောင်း နယူးကာဆယ်အသင်းခေါင်းဆောင်ဟောင်း အလန်ရှီးယားကပြောကြားလိုက်သည်။ ချယ်လ်ဆီးအသင်းသည် ၎င်း၏ပြိုင်ဘက်များကိုအသာစီးဖြင့် အနိုင်ယူပြီး ဖလားဆွတ်ခူးရယူနိုင်ဖွယ်ရှိကြောင်း အလန်ရှီးယားကပြောကြားသည်။ "ပရီမီယာလိဂ်အကြောင်းကို သူက ကောင်းကောင်းသိတဲ့သူပဲ၊ သူဘယ်ပုံဘယ်နည်းနဲ့ ဖလားယူမယ်ဆိုတာ ကျွန်တော်သိနေတယ်"ဟု အင်္ဂလန်တိုက်စစ်မှူးဟောင်း အလန်ရှီးယားက ပြောကြားသည်။

မီတာ ၄၀၀ တန်းကျော် အမြန်ဆုံး စံချိန်တင်

ထရီနီဒက်နှင့်တိုဘာဂိုမှ ပြေးခုန်ပစ်အားကစားသမား ဂျေဟူးဂေါ်ဒွန်သည် မော်စကိုမြို့၌ ကျင်းပလျက်ရှိသော ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲအမျိုးသားမီတာ ၄၀၀ တန်းကျော်ပြေးပွဲတွင် အမေရိကန်အပြေးသမား မိုက်ကယ်တန်စလေကိုကျော်ဖြတ်ပြီး ပန်းဝင်ဗိုလ်စွဲသွားခဲ့သည်။ အသက် ၂၁ နှစ်အရွယ်ရှိ ဂေါ်ဒွန်သည် စံချိန် ၄၇ ဒသမ ၆၉ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

နည်းပြစကိုလာရီနဲ့ ဘာရာဇီးအသင်း

မိုးမြင့်လင်းလက်

ဘာစီလိုနာမှာ ကစားနေတဲ့ ဘာရာဇီးတိုက်စစ်မှူး နေမာဟာ ပါရမီရှိပြီး ထူးချွန်တဲ့တိုက်စစ်မှူးတစ်ဦးဖြစ်ပေမယ့် ဘောလုံးကွင်းထဲမှာ ခြေစွမ်းမပြနိုင်ရင် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ဘာရာဇီးအသင်းမှာ ပါဝင်ကစားခွင့်မသေချာပါဘူးလို့ ဘာရာဇီးနည်းပြစကိုလာရီက ထုတ်ဖော်ပြောကြားလိုက်တယ်။

ဘာရာဇီးအသင်းမှာ လူငယ်ကစားသမားတွေကို ဦးစားပေးသွားမှာဖြစ်သလို အတွေ့အကြုံရှိတဲ့ ဝါရင့်ဘောလုံးသမားတချို့ကိုလည်း ခြေစွမ်းပြပြီး စိတ်ဓာတ်ခွန်အားကောင်းမွန်မှု ကစားစေမှာဖြစ်တယ်လို့ နည်းပြစကိုလာရီက သတိပေးထားပါတယ်။

မပြေလည်မှုတွေ

ဘာရာဇီးနိုင်ငံတစ်ဝန်း ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးအပေါ် ငွေကြေးသုံးစွဲမှုတွေကြောင့် ပြည်သူတွေအကြား မပြေလည်မှုတွေများပြားနေတာမို့ မိမိတို့ဟာ ထိုက်တန်တဲ့အောင်မြင်မှုကိုပေးဆပ်သွားရမယ့် တာဝန်ရှိတယ်လို့လည်း ဆိုနေပါတယ်။

ဘာရာဇီးအသင်းဟာ မကြာမီက ကွန်ဖက်ဒရေးရှင်းဖလားကို ရယူနိုင်ခဲ့ပေမယ့် ခြေစွမ်းပိုင်းက အားရစရာမရှိတာမို့ ၂၀၁၄ကမ္ဘာ့ဖလားပွဲအတွက် လုံလောက်တဲ့ ခြေစွမ်းလည်း မရှိသေးဘူးလို့ ဘာရာဇီးဘောလုံးအဖွဲ့ချုပ်က သုံးသပ်ထားပါတယ်။

ကွန်ဖက်ဒရေးရှင်းဖလား ရယူနိုင်အောင် ခြေစွမ်းပြနိုင်ခဲ့တဲ့ ဘောလုံးသမားတွေ အနေနဲ့လည်း လက်ရှိအနေအထားထက် ပိုမိုအားထုတ်မှုကောင်းမှသာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် ဘာရာဇီးအသင်းအတွက် ရွေးချယ်ခံရမယ့် အခြေအနေကို ရရှိမှာဖြစ်တယ်လို့ ဆိုပါတယ်။

နည်းပြစကိုလာရီရဲ့ ဘာရာဇီးအသင်းက လာမယ့်ကမ္ဘာ့ဖလားပွဲမှာ ခြောက်ကြိမ်မြောက် ဖလားရယူနိုင်ရေးအတွက် ရွေးချယ်မယ့် ကစားသမားတွေကို အခုကတည်းက စတင်စောင့်ကြည့်နေပြီလို့ ဘာရာဇီးဘောလုံးအဖွဲ့ချုပ်က တာဝန်ရှိသူတွေက ပြောကြားနေပါတယ်။

နည်းပြ စကိုလာရီကတော့ လာမယ့် ကမ္ဘာ့ဖလားပွဲမှာ ဘာရာဇီးအသင်းကို အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်ပေးသွားမယ်လို့ ကတိပြုထားပါတယ်။

ဘာရာဇီးရဲ့ ဝါရင့်ကွင်းလယ်တိုက်စစ်မှူး ရော်နယ်ဒင်ဟိုကတော့ သူ့အနေနဲ့ လာမယ့် ကမ္ဘာ့ဖလားပွဲမှာ ဘာရာဇီးအတွက် နောက်ဆုံးအနေနဲ့ ပါဝင်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားပါတယ်။

ရွေးချယ်

စကိုလာရီကတော့ ဘယ်လိုကစားသမားမဆို လက်ရှိ ခြေစွမ်းပြသနိုင်မှုအပေါ်မှာ အဓိကဦးစားပေးပြီး ရွေးချယ်သွားမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိုဘိုင်းဖုန်းများ
၂၀၁၃ခုနှစ် ဩဂုတ်လတွင် ဆက်လက်ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်

၁။ ၂၀၁၃ခုနှစ် ဧပြီလမှစတင်၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လစဉ်တန်ဖိုးနည်းမိုဘိုင်းဖုန်း သုံးသိန်းငါးသောင်းစီကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ပြည်သူများ အလွယ်တကူ အဆင်ပြေချောမွေ့စွာ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် ခွဲဝေဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ဖြန့်ဖြူးရောင်းချပြီး တန်ဖိုးနည်းမိုဘိုင်းဖုန်း ၁ဒသမ၄သန်းအပါအဝင် စုစုပေါင်း မိုဘိုင်းဖုန်း ၅ဒသမ၂သန်းကျော် ဖြန့်ဖြူးရောင်းချခဲ့ပြီးဖြစ်ပါသည်။ တစ်နိုင်ငံလုံးတွင် ဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ်သည့် ဖုန်းအရေအတွက်ပေါင်းနှင့် မိမိနိုင်ငံရှိ အိမ်ထောင်စုပေါင်း ၈ဒသမ၇သန်းကျော်အား အချိုးချတွက်ကြည့်မည်ဆိုပါလျှင် အိမ်ထောင်စု ၁ဒသမ၇စုလျှင် မိုဘိုင်းဖုန်းတစ်လုံးနှုန်း ရရှိသွားနိုင်မည်ဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အိမ်ထောင်စုတိုင်း ဖုန်းသုံးစွဲရန်လိုအပ်နေသေးကြောင်း စိစစ်တွေ့ရှိနေရပါသည်။ သို့ဖြစ်ပါ၍ အိမ်ထောင်စုတိုင်းအတွက် မိုဘိုင်းဖုန်းပိုမိုသုံးစွဲခွင့်ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။

၂။ ၂၀၁၃ခုနှစ် ဩဂုတ် ၂၃ရက်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏အစီအစဉ်ဖြင့် တယ်လီဖုန်းခေါ်ဆိုခ ကျပ် ၃၀၀ ကြိုတင်ပေးသွင်းထားသော CDMA 800 MHz (MEC Tel) မိုဘိုင်းဖုန်း ၁၅၀၀၀၀နှင့် GSM မိုဘိုင်းဖုန်း ၂၁၀၀၀၀ စုစုပေါင်း မိုဘိုင်းဖုန်း ၃၆၀၀၀၀ကို SIM Card တစ်ခုအတွက် ကျပ် ၁၅၀၀နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ ၂၀၁၃ခုနှစ် ဩဂုတ်လတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိုဘိုင်းဖုန်းများကို ဆက်လက်ဖြန့်ဖြူးရောင်းချပေးသွားရန် စီစဉ်ရာတွင် လက်ရှိတပ်ဆင်ပေးထားသော လိုင်းအင်အားနှင့် အမှန်တကယ်သုံးစွဲနေသော အခြေအနေများအရ ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ အောက်ပါအတိုင်း အချိုးကျခွဲဝေပြီး တပ်ဆင်ပေးရန် လျာထားတွက်ချက်ထားပါသည်။

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	*CDMA 800* မိုဘိုင်းဖုန်းလိုင်း	*GSM* မိုဘိုင်းဖုန်းလိုင်း	စုစုပေါင်း
၁	နေပြည်တော်ကောင်စီနယ်မြေ	၁၁,၅၀၀	၁၅,၀၀၀	၂၆,၅၀၀
၂	ကချင်ပြည်နယ်	၂,၀၀၀	၃,၀၀၀	၅၀၀၀
၃	ကယားပြည်နယ်	၁,၀၀၀	၅၀၀	၁,၅၀၀
၄	ကရင်ပြည်နယ်	၃,၀၀၀	၄,၀၀၀	၇,၀၀၀
၅	ချင်းပြည်နယ်	၂,၀၀၀	၅၀၀	၂,၅၀၀
၆	စစ်ကိုင်းတိုင်းဒေသကြီး	၃,၈၀၀	၁၂,၀၀၀	၁၅,၈၀၀
၇	တနင်္သာရီတိုင်းဒေသကြီး	၂,၀၀၀	၆,၀၀၀	၈,၀၀၀
၈	ပဲခူးတိုင်းဒေသကြီး(အရှေ့)	၁၁,၃၀၀	၉,၀၀၀	၂၀,၃၀၀
၉	ပဲခူးတိုင်းဒေသကြီး(အနောက်)	၆,၉၀၀	၆,၀၀၀	၁၂,၉၀၀
၁၀	မကွေးတိုင်းဒေသကြီး	၁၆,၈၀၀	၂၀,၀၀၀	၃၆,၈၀၀
၁၁	မန္တလေးတိုင်းဒေသကြီး	၁၇,၂၀၀	၃၀,၀၀၀	၄၇,၂၀၀
၁၂	မွန်ပြည်နယ်	၁၀,၀၀၀	၁၄,၀၀၀	၂၄,၀၀၀
၁၃	ရခိုင်ပြည်နယ်	၂၀၀၀	၆,၀၀၀	၈,၀၀၀
၁၄	ရန်ကုန်တိုင်းဒေသကြီး	၁၃၈၀၀	၅၆,၀၀၀	၆၉,၈၀၀
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၆,၉၀၀	၅,၀၀၀	၁၁,၉၀၀
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၄,၀၀၀	၃,၀၀၀	၇,၀၀၀
၁၇	ရှမ်းပြည်နယ်(တောင်ပိုင်း)	၄,၇၀၀	၅,၀၀၀	၉,၇၀၀
၁၈	ဧရာဝတီတိုင်းဒေသကြီး	၃၁,၁၀၀	၁၅,၀၀၀	၄၆,၁၀၀
	စုစုပေါင်း	၁၅၀,၀၀၀	၂၁၀,၀၀၀	၃၆၀,၀၀၀

၄။ ပြည်သူများသက်သာသောနှုန်းထားဖြင့် အမှန်တကယ် အသုံးပြုနိုင်ရန်ရည်ရွယ်၍ ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည့်အတွက် ဖုန်းကတ်ဝယ်ယူထားသည့်ရက်မှစ၍ ၁၅ရက်အတွင်း တယ်လီဖုန်း SIM Card တွင် မူလထည့်သွင်းပေးထားသည့် တယ်လီဖုန်းခေါ်ဆိုခ ကျပ် ၃၀၀ မကုန်မီတယ်လီဖုန်းသုံးစွဲသူသည် အနည်းဆုံး ကျပ် ၅၀၀၀ တန် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်သုံးစွဲရပါမည်။ SIM Card ကို အခြားသူတစ်ဦးဦးသို့ လက်ဆင့်ကမ်းရောင်းချခြင်းမှ ကာကွယ်ရန်အတွက် ၁၅ရက်အတွင်း အသုံးပြုခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ပါသည်။

၅။ ဤတန်ဖိုးနည်း မိုဘိုင်းဖုန်းများသည် လစဉ်ကြိုတင်ငွေဖြည့်ကတ်ဖြင့် ပြောဆိုခကျပ် ၂၅၀၀ကို အနည်းဆုံးသုံးစွဲရမည်ဖြစ်ပါသည်။ နှစ်လပြည့်သော်လည်း ကြိုတင်ငွေဖြည့်ကတ်မှ ကျပ် ၅၀၀၀ကို အပြည့်မသုံးစွဲပါက ကျပ် ၅၀၀၀ ပြည့်သည်အထိ အလိုအလျောက် ဖြတ်တောက်သွားပါမည်။ ဖြည့်သွင်းထားသော ငွေကုန်ဆုံးပြီးနောက် ၁၅ရက်အတွင်း ငွေထပ်မံ၍ ငွေဖြည့်သွင်းခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

Rhino Original နှင့် [ကြံ့] အမှတ်တံဆိပ် ဖိနပ်များနှင့်စပ်လျဉ်း၍

အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြစပွါးလမ်း၊ အမှတ်(၄၀/၁-စီ)နေ ဦးအောင်မင်း(၁၂/မရက(နိုင်)၀၂၉၁၈၈)သည် ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်အမှတ် ရက/ကြီး/၁၉၉၁ (၇-၉-၂၀၀၆) အရ ပုဂ္ဂလိကစက်မှုလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိခဲ့ပါသည်။ ထို့ပြင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထက်ပါ ကုန်အမှတ်တံဆိပ်များကို မှတ်ပုံတင်အမှတ် (၄/၆၉၈၉/၂၀၁၁) နှင့် (၄/၆၈၁၂/၂၀၁၂) အရ ယောကျ်ားစီး၊ မိန်းမစီး၊ ကလေးစီး၊ ဖိနပ်အမျိုးမျိုးတို့နှင့် ပတ်သက်၍ မှတ်ပုံတင်သွင်းခဲ့သည့်အပြင်၊ အဆိုပါပစ္စည်းများကို ကောင်းမွန်သောအရည်အသွေးဖြင့် ထုတ်လုပ်၍ မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ Media အမျိုးမျိုးမှလည်း ကြော်ငြာခဲ့သည့်အပြင်၊ ကြေးမုံသတင်းစာတွင် (၁၃-၇-၂၀၁၂)ရက်နေ့တွင်လည်းကောင်း၊ မြန်မာ့အလင်းသတင်းစာတွင် (၁၅-၇-၂၀၁၂) ရက်နေ့တွင်လည်းကောင်း ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်တို့ကို ကြေညာခဲ့ပါသည်။

ယခုအခါ အထက်ပါပစ္စည်းများ၏ အရည်အသွေးကောင်းမွန်ခြင်း၊ ဈေးကွက်၌ နာမည်ကောင်းသတင်းရရှိလာခဲ့ခြင်း ဖြစ်ပေါ်လာသဖြင့် ကျွန်တော်တို့အမှုသည်၏ ကုန်အမှတ်တံဆိပ်ဖြင့် ထုပ်ပိုးမှုအပြင်အဆင် (Trade dress)(Get up)(Packaging) အတိုင်းတုပ၍ အခြားသူက အရည်အသွေးညံ့ဖျင်း၍ ဈေးပေါသောဖိနပ်များကို ဝယ်ယူသူများအားလှည့်စား၍ လက်ဝယ်ထားရှိ ဖြန့်ဖြူးရောင်းချနေသည်ကို အထောက်အထားပြည့်စုံစွာ တွေ့မြင်သိရှိရပါသည်။

ဖော်ပြပါအတိုင်း ပစ္စည်းအစစ်သဖွယ် ထင်ရောင်ထင်မှားဖြစ်စေရန် လှည့်စားထားသော (Packaging)များကို အသုံးပြု၍ရောင်းချနေသည့် ရန်ကုန်နှင့် မန္တလေးမြို့များရှိ လက်ကားဆိုင်များ၊ အလားတူရောင်းချနေသော ဆိုင်များအားလုံးသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ရပ်ဆိုင်းရုပ်သိမ်းရန်နှင့် ယင်းနေ့နောက်ပိုင်း ရောင်းချနေကြောင်းတွေ့ရှိလျှင် မရိုးဖြောင့်သောသဘောဖြင့် ရောင်းချသည်ဟု မှတ်ယူမည့်အပြင် တည်ဆဲဥပဒေများအရလည်း ထိရောက်စွာ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

Rhino အစစ်
- PU Outsole အသုံးပြုခြင်း။
- PU Outsole (Polyurethane) ပေါ့ပါး၍ စလစ်မဖြစ်ခြင်း၊ ကြာရှည်ခံခြင်း၊ အကြမ်းခံခြင်း၊ ညက်ညောမှုရှိခြင်းစသည့် အရည်အသွေးကောင်းမွန်အောင် ပြုလုပ်ထားပါသည်။ အပေါ်သားကြိုးနှင့် Outsole ကို နိုင်ခံ့သော ကြိုးနှင့်တွဲ၍ လက်ချုပ်ဖြင့် ခေတ်မီဒီဇိုင်းပုံစံကို ဖန်တီးထုတ်လုပ်ထားပါသည်။

တုပထားသောဖိနပ်
- EVA ဖော့သားကို အသုံးပြုထားသည်။
- တစ်လနှစ်လအတွင်း Outsole သည် အရောင်ပြောင်းပြီး မူလပုံစံမှ ခြေနင်းသောနေရာများတွင် ချက်ချိုင့်၍ ပါးသွားသည်။ အပေါ်သားကြိုးတွင် အရည်အသွေးညံ့သော (Recycle PVC) ကုန်ကြမ်းကို အရည်အသွေးညံ့စွာဖြင့် ထုတ်လုပ်ထားခြင်း ဖြစ်ပါသည်။

ဈေးကွက်အတွင်း အောင်မြင်ကျော်ကြားနေသော **Rhino** ၏ အထူးသီးသန့် ဖိနပ်ပုံစံနှင့် ဒီဇိုင်းကိုတုပ၍ လှည့်စားကာ ထင်ယောင်ထင်မှားပြုလုပ်ထားသည်။

မူလပိုင်ရှင်၏ ထုပ်ပိုးမှုပုံစံနမူနာ

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းဝင်း *B.A. (Law), LL.B., LL.M*
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၈)
MYANMAR TRADEMARK AND PATENT LAW FIRM
အမှတ်(၅၆၇)၊ အခန်း(၃၀၄)၊ MAC Tower
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၆၃၁၈

ဥပဒေရေးရာဆောင်းပါး

ဘောလုံးကွင်းထဲမှ အသံများ

ဘောလုံးအားကစားသည် မြန်မာတို့အနှစ်သက်ဆုံးသော အားကစား ဖြစ်သည်။ ကျွန်တော်တို့ ငယ်စဉ်ကျောင်းသားဘဝကပင် ဘောလုံးကို ပျော်ရွှင်စွာ ကစားခဲ့ကြသည်။ ဘောလုံးအားကစားသည် တစ်ဦးတစ်ယောက်ကောင်းရုံမျှ မဟုတ်ဘဲ တစ်ဦးချင်းကြံ့ခိုင်မှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှုကိုယ်စီနှင့်အတူ တစ်သင်းလုံးအပေးအယူမျှတစွာ ယှဉ်ပြိုင်ကစားရသောကြောင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်မှုများ ပေးစွမ်းနိုင်သည့်အပြင် တစ်ကိုယ်ကောင်းစရိုက်များကိုလည်း ပပျောက်စေနိုင်သည်။ ဘောလုံးအားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုလည်း မြှင့်တင်ပေးနိုင်ပါသေးသည်။

ဘောလုံးအသင်းနှစ်သင်း၊ တစ်ဖက်နှင့်တစ်ဖက် ယှဉ်ပြိုင်ကစားကြရာတွင် အားပေးကြည့်ရှုသော ပရိသတ်၏ အားပေးမှုသည်လည်း အလွန်အရေးကြီးသည်။ အားကစားစိတ်ဓာတ်အပြည့်ဖြင့် စည်းကမ်းတကျ အားပေးမှုရှိရန် အလွန်အရေးကြီးသည်။ ပရိသတ်၏စည်းကမ်းမရှိခြင်း၊ ယဉ်ကျေးမှုမရှိခြင်း၊ ရိုင်းပျခြင်းတို့ကြောင့် မြန်မာ့ဘောလုံးအသင်းဒဏ်ငွေ ရိုက်ခြင်းခံခဲ့ရသည့် သာဓကများလည်း ရှိခဲ့သည်။ ၄င်းအပြင် အခြားအရေးယူမှုများလည်းခံခဲ့ရပါသေးသည်။ နိုင်ငံကြီးသား မပီသသော ပရိသတ်၏အားပေးမှုကြောင့် နိုင်ငံ့ဂုဏ်သိက္ခာလည်း ထိခိုက်မှုဖြစ်စေနိုင်သည်။ ထို့ကြောင့် ပရိသတ်၏အားပေးမှု စည်းကမ်းရှိရန် အလွန်အရေးကြီးသည်ဟု ဆိုနိုင်သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား၊ ကျေးရွာအလိုက် ဘောလုံးပြိုင်ပွဲတွင် ပရိသတ်အားပေးမှုစည်းကမ်းမရှိ ရိုင်းပျသောကြောင့် ကျန်ရှိသည့်ပွဲများ ယှဉ်ပြိုင်ခြင်းကို ရက်အကန့်အသတ်မရှိ ရပ်နားခဲ့ရသည်။ အားပေးသူ ပရိသတ်၏ နိုင်ငံကြီးသားမပီသမှုကြောင့် မြို့နယ်၏အားကစားလှုပ်ရှားမှု၊ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတို့ ထိခိုက်ခဲ့ရသည်။ တချို့ပရိသတ်များက မိမိတို့၏ ပုဂ္ဂိုလ်ရေး မကျေနပ်ချက်များကို ယှဉ်ပြိုင်ကစားနေသည့် ဘောလုံးကွင်းထဲရောက်မှ လူအများနှင့်ရောယောင်ကာ ဖွင့်ချလေ့ရှိသည်ကိုလည်း ကြားရသည်။ အားရပါးရအော်ဆဲကြသည်။ အားကစားသမား၏ ကျောနံပါတ်ကိုခေါ်၍ ဖရုဿဝါစာစကားများ ဆိုကြသည်။ ဘောလုံးစည်းကမ်းကို နားမလည်ဘဲ မိမိတို့သိသမျှလေးနှင့် ဒိုင်လူကြီးဆုံးဖြတ်ချက်တို့ မကိုက်ညီက ဖရုဿဝါစာစကားများမှတစ်ဆင့် ကွင်းထဲသို့ရေသန့်ဘူးများ၊ ခဲလုံးများ၊ ဖိနပ်စုတ်များဖြင့် ပစ်ပေါက်ကြတော့သည်။ စိတ်ပျက်ဖွယ်ရာပင်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄ ကိုလည်း သိကြဟန်မတူ။ ပြစ်မှုဆိုင်ရာ ဥပဒေအခန်း(၁၄)တွင် ပြည်သူ့ကျန်းမာရေးလုံခြုံမှု၊ သက်သာမှု၊ သိက္ခာစောင့်စည်းမှုနှင့်ကိုယ်ကျင့်တရားရှိမှုကို ထိခိုက်စေသော ပြစ်မှုများကို ပုဒ်မ ၂၆၈ မှ ၂၉၄ -က အထိ ပြဋ္ဌာန်းထားသည်။

ထိုပုဒ်မ ၂၉၄ တွင် အပိုင်းနှစ်ပိုင်းခွဲခြားထားသည်။ အပိုင်း(က)တွင် **"အများပြည်သူဆိုင်ရာ နေရာတစ်ခုခုတွင် ညစ်ညမ်းသော ပြုလုပ်မှုတစ်ခုခုကို အခြားသူများ စိတ်ငြိုငြင်အောင်ပြုလျှင်"** ပြစ်မှုမြောက်ပေသည်။

အပိုင်း(ခ)တွင် **အခြားသူစိတ်ငြိုငြင်အောင် အများပြည်သူဆိုင်ရာ နေရာတစ်ခုခုတွင် ဖြစ်စေ၊ အနီးနားတွင် ဖြစ်စေ၊ ညစ်ညမ်းသော ကဗျာ၊ လင်္ကာ၊ သီချင်း၊ စကားတစ်မျိုးမျိုးကို ရွတ်ဆိုခြင်း၊ သီဆိုခြင်း၊ ပြောဆိုခြင်းတစ်ခုခုပြုလျှင် ပုဒ်မ ၂၉၄ နှင့် အကျုံးဝင်သည်။**

ထိုသို့ ကျူးလွန်သူကို ထောင်ဒဏ်သုံးလအထိ ချမှတ်နိုင်သကဲ့သို့ ငွေဒဏ်လည်း ချမှတ်နိုင်သည့်အပြင် ပြစ်ဒဏ်နှစ်ရပ်လုံးလည်း ချမှတ်နိုင်သည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄ သည် ရဲအရေးပိုင်သည့် အမှုမျိုးလည်း ဖြစ်သည်။ ၄င်းပုဒ်မ ၂၉၄ ကို ကျူးလွန်နေသည့် တစ်ဦးဦးကို ရဲတပ်ဖွဲ့က အရေးယူခွင့်ရှိသည်။ ရဲအရေးပိုင်သဖြင့် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးမည်။ အာမခံသူရှိလျှင် အာမခံပေးမည်။ တရားရုံးသို့ ရဲတပ်ဖွဲ့က တရားစွဲတင်ပို့မည်။ တရားရုံးသို့ တရားစွဲတင်ပို့ခံရသူအပေါ် တရားရုံးက အကျဉ်းနည်းဖြင့် တရားစီရင်နိုင်သည်။

ဘောလုံးပွဲအားပေးကြသော ပရိသတ်များသည် ၄င်းပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၉၄ ကို မသိနားမလည်ခြင်းကြောင့် ဆဲဆိုနေကြလေသလော၊ သိနေပါလျက်နှင့်ပြစ်မှုမြောက်အောင် ကျူးလွန်နေကြပါသလော၊ မည်သို့ပင်ဆိုစေကာမူ ဥပဒေကို နားမလည်၍ပါဆိုရုံမျှဖြင့် ခွင့်လွှတ်၍ရမည်မဟုတ်ပါချေ။ မကြာမီရောက်ရှိလာတော့မည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲများတွင် အားပေးသူပရိသတ်များ၏ အိမ်ရှင်ကောင်းပီသစွာ၊ နိုင်ငံကြီးသားပီသစွာ ပြုမူရန် အလွန့်အလွန်ပင် အရေးကြီးလှပါကြောင်း တင်ပြအပ်ပါသည်။

မင်းသစ်(ရွှေဘိုအား/ကာ)

ဥပဒေရေးရာဆောင်းပါးနှင့်ကြော်ငြာ

လိုင်ဗားဆည်အတွင်း၌ ငါးမျိုးစိုက်ထည့်

ဖလမ်း ဩဂုတ် ၁၇

ဖလမ်းမြို့နယ် လိုင်ဗားဆည်အတွင်း ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါဆည်၌ကျင်းပသည်။

တက်ရောက်

ရှေးဦးစွာ ချင်းပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးဇန်ထောင်း၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးဦးတင်နိုင်ဝင်း၊ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်တို့က ငါးမျိုးစိုက်ထည့်ကြပြီးနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်နယ်/ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက မြက်စားငါးကြင်း အကောင်၁၀၀၀၊ ငါးခုံးမကြီး အကောင် ၉၀၀၀ စုစုပေါင်း အကောင် ၁၀၀၀၀စိုက်ထည့်ကြကြောင်း သိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ငါးရစ်ငါးသန် ဘောမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ဆပ်ပြာစက်ရုံများရှိ ရွှေဝါဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာများနှင့် ဆပ်ပြာအမျိုးမျိုးရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

ရောင်းချမည့်ပစ္စည်းအမည် - ရွှေဝါဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာများနှင့် ဆပ်ပြာအမျိုးမျိုး

တင်ဒါပိတ်ရက်နှင့်အချိန် - ၁၆-၉-၂၀၁၃ ရက် ညနေ ၄ နာရီ

ဈေးနှုန်းတင်သွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ် -

ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း - ၀၆၇-၄၀၈၃၇၇

ရောင်းချဖြန့်ဖြူးရေးဌာန(နေပြည်တော်) - ၀၆၇-၄၀၈၃၈၁

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ အမှတ် ၂၆၈/၃၁၄၊ အောက်ကြည့်မြင်တိုင်လမ်း၊ (ထုပ်ပိုးဝင်း)အလုံမြို့နယ်ရှိ ထုပ်ပိုးလုပ်ငန်းသုံးပစ္စည်းများ ၁၃၉ မျိုးနှင့် အခြားလုပ်ငန်းသုံးပစ္စည်း ၈၄ မျိုး စုစုပေါင်း လုပ်ငန်းသုံးပစ္စည်း ၂၂၃ မျိုး၊ Lot(1) အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) **တည်နေရာ** - အမှတ် ၂၆၈/၃၁၄၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်

(ခ) **တင်ဒါရောင်းချမည့်ရက်** - ၁၈-၈-၂၀၁၃ ရက်မှ ၂၁-၈-၂၀၁၃ ရက်အထိ
အချိန် - ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ

(ဂ) **တင်ဒါစည်းကမ်းချက် ရှင်းလင်းမည့်ရက်/အချိန်** - ၂၂-၈-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီ

(ဃ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၂-၈-၂၀၁၃ ရက် ၁၃း၀၀နာရီ

(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ (ထုပ်ပိုးဝင်း)၊ အလုံမြို့နယ်

(စ) **Deposit ပေးသွင်းရမည့်နေရာ** - Deposit Lot(1) ကျပ်သိန်း ၅၀၀ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်နှင့် ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)တို့တွင် (P.O) Cheque ဝယ်ယူပေးသွင်းရမည်။

(ဆ) **တင်ဒါတင်သွင်းရမည့်နေရာ**- ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ရုံးအမှတ် ၅၂၊ နေပြည်တော်

၂။ အဆိုပါထုပ်ပိုးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း သက်ဆိုင်ရာမြို့နယ်သို့သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ရန်ကုန်တိုင်းဒေသကြီး (အလုံမြို့နယ်) ဖုန်း-၀၁-၂၂၂၂၄၈နှင့် ရုံး ၅၂၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၁၃၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး(ပဲခူး)၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ စုစုပေါင်းသိုလှောင်ရုံ ၂၄ လုံးနှင့် ဝန်ထမ်းနေအိမ်တစ်လုံးတို့အား မြေမပါ မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) ပဲခူးတိုင်းဒေသကြီး

Lot(1) (၁) (၁၄၄'×၅၀'×၁၃') (သွပ်၊ ပျဉ်၊ ပျဉ်)၊ (၇/၁)(၇/၂)(၆/၃) ဘုရားကြီး၊ (၃/၁) ဆံတော်တွင်း၊ (၄/၁)ညောင်ဝိုင်း၊ (၈/၁)ပျဉ်ပုံကြီး၊ ပဲခူးမြို့နယ်

Lot(2) (၂) (၈၀'×၄၀'×၁၂') (သွပ်၊ ထရံ၊ ထရံ) (ဖပ-၁၅) (ဖပ-၁၆) (ဖပ-၁၈) (ဖပ-၁၉) ဖြူးမြို့နယ်

Lot(3) (၃) (၁၄၄'×၅၀'×၁၂') (သွပ်၊ ပျဉ်၊ ပျဉ်) (ကပ-၈) (ကပ-၅၂) (ကပ-၅၃) ပဲနွယ်ကုန်း၊ ကျောက်တံခါးမြို့နယ်
(၄) (၈၀'×၄၀'×၁၂') (သွပ်၊ ထရံ၊ ထရံ) (ကပ-၄၀) (ကပ-၄၄) ပဲနွယ်ကုန်း၊ ကျောက်တံခါးမြို့နယ်
(၅) (၁၀၀'×၄၀'×၁၂')(သွပ်၊ ကွန်၊ ကွန်) (အချဉ်ထိန်း)ပဲနွယ်ကုန်း၊ ကျောက်တံခါးမြို့နယ်

Lot(4) (၆) (၈၀'×၄၀'×၁၂') (သွပ်၊ ဝါး၊ ဝါး) (ကပ-၄) မေတ္တာရပ်၊ ကျောက်ကြီးမြို့နယ်

Lot(5) **(ခ) မကွေးတိုင်းဒေသကြီး**
(၇) (၁၅၀'×၆၀'×၁၄') (သွပ်၊ သွပ်၊ ကွန်ကရစ်)၊ (မြ-၄) ဗိုလ်ချုပ်လမ်း၊ မစိုးရိမ်ရပ်၊ မကွေးမြို့နယ်
(၈) (၁၀၀'×၄၀'×၁၄') (သွပ်၊ သွပ်၊ ကွန်ကရစ်) (မြ-၅)(မြ-၆) ဗိုလ်ချုပ်လမ်း၊ မစိုးရိမ်ရပ်၊ မကွေးမြို့နယ်
(၉) (၁၄၀'×၃၀'×၁၄') (သွပ်၊ အုတ်၊ ကွန်ကရစ်) (မြ-၇) ဗိုလ်ချုပ်လမ်း၊ မစိုးရိမ်ရပ်၊ မကွေးမြို့နယ်
(၁၀)(၃၀'×၂၀'×၁၀') (သွပ်၊ အုတ်၊ ကွန်ကရစ်) (ဝန်ထမ်းနေအိမ်) ဗိုလ်ချုပ်လမ်း၊ မစိုးရိမ်ရပ်၊ မကွေးမြို့နယ်

Lot(6) **(ဂ) တနင်္သာရီတိုင်းဒေသကြီး**
(၁၁)(၁၄၄'×၅၁'×၁၄') (သွပ်၊ သစ်၊ သစ်) (မြို့မ) ရေဖြူမြို့နယ်

Lot(7) **(ဃ) ရခိုင်ပြည်နယ်**
(၁၂)(၁၄၄'×၅၀'×၁၄') (သွပ်၊ ဝါး၊ ဝါး) (မြ-၉) မင်းဒရားချိတ်၊ စစ်တွေမြို့နယ်
(၁၃)(၁၄၄'×၅၀'×၁၄') (သွပ်၊ ဝါး၊ ပျဉ်) (မြ-၁၀) မင်းဒရားချိတ်၊ စစ်တွေမြို့နယ်

(င) **တင်ဒါရောင်းချမည့်ရက်** - ၁၉-၈-၂၀၁၃ ရက်မှ၂၈-၈-၂၀၁၃ ရက်အထိ
အချိန် - ၉း၃၀နာရီမှ ၁၆း၃၀ နာရီအထိ

(စ) **တင်ဒါစည်းကမ်းချက် ရှင်းလင်းမည့်ရက်/အချိန်** - ၂၉-၈-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ

(ဆ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၉-၈-၂၀၁၃ ရက် ၁၃း၀၀နာရီ

(ဇ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့
- မကွေးတိုင်းဒေသကြီး၊ မကွေးမြို့
- တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
- ရခိုင်ပြည်နယ်၊ စစ်တွေမြို့

(ဈ) **Deposit ပေးသွင်းရမည့်နေရာ** - Deposit Lot(1) ကျပ်သိန်း ၆၀၀၊ Lot(2) ကျပ်သိန်း၅၀၊ Lot(3) ကျပ်သိန်း၂၅၀၊ Lot(4) ကျပ်သိန်း၂၀၊ Lot(5) ကျပ်သိန်း ၁၀၀၊ Lot(6) ကျပ်သိန်း ၅၀၊ Lot(7) ကျပ် ၇၅ သိန်းတို့ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်၊ ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ်၊ မကွေးမြို့ မြန်မာ့စီးပွားရေးဘဏ်၊ ထားဝယ်မြို့ မြန်မာ့စီးပွားရေးဘဏ်၊ စစ်တွေမြို့ မြန်မာ့စီးပွားရေးဘဏ်တို့တွင် (P.O) Cheque ဝယ်ယူပေးသွင်းရမည်။

(ည) **တင်ဒါတင်သွင်းရမည့်နေရာ** - ကုန်သွယ်မှုမြှင့်ရေးဦးစီးဌာန ရုံးအမှတ် ၅၂၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ ဖုန်း-၀၅၂-၂၁၁၀၈၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ ဖုန်း-၀၆၃-၂၃၁၉၉၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဖုန်း-၀၅၉-၂၁၀၅၆နှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ ဖုန်း-၀၄၃-၂၃၄၂၆တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

